# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၂၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်ဖွဲ့ဝင်များအား အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ *စာမျက်နှာ ၃ ကော်လံ ၁* ❑




## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

# အကြမ်းဖက်လက်နက်ကိုင် AA နှင့် မူးယစ်ဆေးဝါးမှောင်ခို စီးပွားရေး

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက သတင်းအရ ရှာဖွေစစ်ဆေးရာမှ မူးယစ်ဆေးဝါးများနှင့် သယ်ဆောင်ရောင်းဝယ်သူများကို ဖမ်းဆီးရမိသည့် သတင်းများ ယခုရက်ပိုင်းတွင် ဆက်တိုက်တွေ့ရှိနေရသည်။ ဘိန်းကို အခြေခံထုတ်လုပ်သည့် ဘိန်းဖြူနှင့် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်သည့် စိတ်ပြောင်းဆေးဝါးများမှာ နယ်စွန်နယ်ဖျားဒေသများတွင် ထုတ်လုပ်နေကြခြင်းဖြစ်ပြီး ပြည်တွင်းကို ဖြတ်သန်းသယ်ဆောင်ကာ နိုင်ငံအနှံ့အပြားဒေသအသီးသီးနှင့် ပြည်ပဈေးကွက်များသို့ ပို့ဆောင်ရောင်းဝယ်နေကြခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းတို့ အပါအဝင် မူးယစ်မှောင်ခိုလုပ်ငန်းမှာ ငွေကြေးအမြတ်အစွန်းလွန်စွာကြီးမားသည့်အလျောက် နယ်စပ်ဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများနှင့်အတူ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များလည်း ပါဝင်ပတ်သက်နေလေ့ရှိသည်။ တစ်နည်းအားဖြင့် မူးယစ်မှောင်ခိုလုပ်ငန်းသည် အချို့သော လူမျိုးစုအမည်ခံထားသည့် လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းတို့၏ အားထားရသော ဝင်ငွေရလမ်းသဖွယ်ဖြစ်နေသည်။ မတ်လ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီးတွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ဝင် အာရကန်အာမီ (AA) ခေါ် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၏ စီးပွားရေးတာဝန်ခံ လင်မယားနှစ်ဦးတို့ပါဝင်နေကြောင်း တွေ့ရှိရသည်။

အဆိုပါ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းကို ဖမ်းဆီးရာတွင် မြန်မာငွေကျပ် ၉၆ ဘီလီယံကျော် တန်ဖိုးရှိသည့် အိုက်စ် (မက်သ်အဖက်တမင်း) သုံးတန်ကျော်၊ ကက်တမင်း ကီလို ၂၀၀ တို့နှင့်အတူ ဂိုဏ်းဝင်များကို ဖမ်းဆီးရမိခဲ့ပြီး အဓိကတရားခံအချို့ လွတ်မြောက်နေသေးသည်ဟု သိရှိရသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှသယ်ဆောင်လာသည့်အဆိုပါမူးယစ်ဆေးဝါးများမှာ ရန်ကုန်မြို့တွင် ရောင်းချရန်နှင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် မလေးရှားသို့ ပို့ဆောင်ရောင်းချရန်ဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့ရာ ပမာဏကြီးမားလှစွာသော မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်တွင်းအတွက်ရော ပြည်ပအတွက်ပါ တားဆီးနှိမ်နင်းကာကွယ်လိုက်နိုင်ခြင်းပင်ဖြစ်သည်။

ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ လွှမ်းမိုးထိန်းချုပ်ထားရာ နယ်မြေများသည် မူးယစ်ဆေးဝါးထုတ်လုပ်မှုများ၏ ဗဟိုချက်ဖြစ်နေကြောင်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) က သိရှိထားပြီးဖြစ်သကဲ့သို့ အာရကန်အာမီ (AA) ၏ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာဌာနတွင် မှုခင်းမှတ်တမ်းများ ရှိနေသည်။ AA သည် ရှမ်းပြည်နယ်ရှိ မူးယစ်မှောင်ခို လက်နက်ကိုင်အဖွဲ့များက ထုတ်လုပ်သည့် မူးယစ်ဆေးဝါးများကို ပြည်တွင်းလမ်းကြောင်းများမှ ဖြတ်သန်းသယ်ဆောင်ကာ ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်သို့လည်းကောင်း၊ ပင်လယ်ရေကြောင်းမှတစ်ဆင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနေခြင်းဖြစ်ပြီး ယခင်ဖမ်းဆီးရမိခဲ့သည့် သာဓကများလည်း ရှိနေသည်။

မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသည့် လက်နက်ကိုင် ပဋိပက္ခများ၊ ပြည်တွင်းမတည်ငြိမ်မှုများက မူးယစ်ဆေးဝါးဖြင့် ဝင်ငွေရှာ၊ စီးပွားရှာနေကြသည့် မူးယစ်မှောင်ခိုများ၊ တိုင်းရင်းသား အမည်ခံလက်နက်ကိုင်သောင်းကျန်းသူများအတွက် အခွင့်အရေးတစ်ရပ်ရရှိနေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးများကို ပြည်တွင်း၌ နှိမ်နင်းရာတွင် ကေတီဗီများ၊ ကလပ်များ၊ ဘားများနှင့် ကျောင်းသားကျောင်းသူလူငယ်များကို ပစ်မှတ်ထားရောင်းချမှုများကိုပါ အရှိန်အဟုန်မြှင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်သည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသည် မိမိတို့နိုင်ငံအဖို့ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ နှိမ်နင်းရေးနှင့်ပါ ဆက်စပ်နေသည့်အလျောက် အလေးအနက်ထား၍ တားဆီးကာကွယ်တိုက်ဖျက်ကြရပါမည့်အကြောင်း။ ။

## သာသနာတော်နှစ် ၂၅၆၈ - ၂၅၆၉ ခုနှစ်
## သက္ကရာဇ် ၁၃၈၆ - ၁၃၈၇ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း (၁) ရက်နှင့် ဝါဆို - ဝါကပ် - လ - ရက်နှင့်နေ့များ

**၁။ မဟာသင်္ကြန် အကျရက်**
- ဇေယတု - မြန်မာသက္ကရာဇ် - ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၂) ရက်
- ရခိုင်သက္ကရာဇ်-၁၃၈၆ ခုနှစ် တာကူးလပြည့်ကျော် (၂) ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၄) ရက် တနင်္လာနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက်စက် ၆ - နာရီ၊ ၃၇ - မိနစ်၊ ၂၁ - စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

**၂။ မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၃) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တာကူးလပြည့်ကျော် (၃) ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၅) ရက် အင်္ဂါနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

**၃။ မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၄) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တာကူးလပြည့်ကျော် (၄) ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၆) ရက်၊ ဗုဒ္ဓဟူးနေ့ မြန်မာစံတော်ချိန် နံနက် စက် ၁၀-နာရီ၊ ၄၂-မိနစ်၊ ၃-စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

**၄။ မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၅) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တာကူးလပြည့်ကျော် (၅) ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၇) ရက် ကြာသပတေးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း (၁) ရက်နေ့ ဖြစ်ပါသည်။

**၅။ ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ- ရက်များ**

ဤ ၁၃၈၇ ခုနှစ်တွင် ဝါဆိုဝါကပ်လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ် - ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက်၊ ရခိုင်သက္ကရာဇ်-၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်၊ ကြာသပတေးနေ့တွင် ပဌမပုရိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁) ရက်နေ့၊ ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့၊ စနေနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

| | |
|---|---|
| ဦးပညိန္ဒ | ဦးပြေငြိမ်း |
| ဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ |

## တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော် မတ် ၁၉ - မတ် ၂၀ ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

## ၁၉ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၅၆၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❑ *ရှေ့ဖုံးမှ*

နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**လိုအပ်သည်များ လမ်းညွှန်မှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)အား ဆေးရုံတပ်မှူးက ဆေးရုံအစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးထားမှု အခြေအနေနှင့် အခြားလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှုအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**အားပေးစကား ပြောကြား**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို မေးမြန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေး ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် အမျိုးသမီးနှင့် ကလေးကုသဆောင်၌ ဆေးကုသလျက်ရှိသည့် အမျိုးသမီးတစ်ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၅ ခုနှစ် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**မော်လမြိုင် မတ် ၁၉**

၂၀၂၅ ခုနှစ် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက် ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် မော်လမြိုင်မြို့ သမိန်ဗရမ်း (ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ခွန်သန့်ဇော်ထူး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**အလေးပြု**

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၅ ခုနှစ် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားစဉ်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၅ ခုနှစ် (၅၁) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဖတ်ကြားသည်။

ယင်းနောက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ကောင်စီအဖွဲ့ဝင်များက ပြည်နယ်ဂုဏ်ထူးဆောင် ထူးချွန်ဆုများဖြစ်ကြသည့် စီးပွားရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စိုက်ပျိုးရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ မွေးမြူရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စက်မှုလက်မှု ထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ စီမံခန့်ခွဲရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ ဝန်ဆောင်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆုနှင့် လူမှုရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူက မွန်ပြည်နယ်အတွင်း မြေယာအသုံးချမှုအခြေအနေ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ပြည်နယ်အတွင်း အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် အောင်နိုင်တိုး စပါးမျိုးသစ် စိုက်ပျိုးထုတ်လုပ်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်းရှိ ဧက ၁၀၀ စံပြစိုက်ခင်း၌ အောင်နိုင်တိုးစပါးမျိုးသစ်များ

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် အဖွဲ့ဝင်များ ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ၌ အိမ်တွင်းစက်မှုလက်မှုပစ္စည်း အရောင်းဆိုင်များနှင့် MSME ဒေသထွက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် အဖွဲ့ဝင်များ မွန်ပြည်နယ်နေ့အထိမ်းအမှတ် မြိုင်ရတနာငါးထပ်ဈေးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

# အသေးစား ငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၉**

အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေး လုပ်ငန်းများအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ အသင်း၊ မြန်မာနိုင်ငံအာမခံအသင်း၊ Myanmar Credit Bureau နှင့် Micro-finance Credit Information Exchange (MCIX) တို့မှ တာဝန်ရှိသူများ၊ အသေးစားငွေရေးကြေးရေးကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များနှင့်ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၄ ခုနှစ်မှစ၍ အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍတွင် ပြည်ပမှရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များ ပိုမိုပါဝင်လာခြင်းတို့ကြောင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း၊ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်နှောင်းပိုင်းမှစ၍ ကိုဗစ်-၁၉ ကမ္ဘာ့ရောဂါဖြစ်ပွားမှု နောက်ပိုင်းကာလများတွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများ သိသာစွာကျဆင်းသွားသည်ကိုအသေးစား ငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများက တင်ပြသည့်စာရင်းဇယားများအရ စိစစ်တွေ့ရှိရကြောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီလစာရင်းများအရ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးကဏ္ဍတွင် အသေးစားငွေရေးကြေးရေးကုမ္ပဏီ ၁၇၇ ခုမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ၁၂ ခုရှိ မြို့နယ် ၂၀၂ မြို့နယ်၊ ရပ်ကွက် ၁၉၀၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄၈၈ အုပ်စု၊ ကျေးရွာ ၂၄၃၁၇ ရွာ၊ အသင်းဝင်ဦးရေ ၂ ဒသမ ၈၅၅ သန်း၊ ထုတ်ချေးငွေလက်ကျန်ငွေကျပ် ၂၀၁၂ ဒသမ ၀၂၁ ဘီလီယံရှိကြောင်း၊ သို့ရာတွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ အတိုးတက်ဆုံးအခြေအနေဖြစ်သည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလစာရင်းနှင့် နှိုင်းယှဉ်ပါက ပြည်နယ်နှစ်ခု၊ မြို့နယ် ၅၇ မြို့နယ်၊ ရပ်ကွက် ၃၄၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁၇ အုပ်စု၊ ကျေးရွာ ၁၉၉၁ ရွာ၊ အသင်းဝင်ဦးရေ ၂ ဒသမ ၈၅၆ သန်း၊ ထုတ်ချေးငွေလက်ကျန်ငွေကျပ် ၇၇၁ ဒသမ ၀၁၅ ဘီလီယံ လျော့နည်းသွားကြောင်းအသေးစားငွေရေးကြေးရေးကုမ္ပဏီများမှ တင်ပြသည့်စာရင်းအရ တွေ့ရှိရကြောင်း။

ယင်းသို့ လျော့နည်းကျဆင်းရသည့် အခြေအနေကို စိစစ်လေ့လာသုံးသပ်ရာတွင် အသေးစားငွေရေးကြေးရေးကုမ္ပဏီများအနေဖြင့် လိုအပ်သည့် လည်ပတ်မတည်ငွေရင်းကို ပြည်တွင်း/ ပြည်ပ ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ သင့်တင့်သောအတိုးနှုန်းဖြင့် ရယူနိုင်ရန်၊ နယ်မြေဒေသ အခြေအနေများကြောင့် လုပ်ငန်းလည်ပတ်နိုင်မှုမရှိသည့် နယ်မြေဒေသများအတွက် ငွေကြေးဝန်ဆောင်မှု ရရှိစေရေး နည်းလမ်းများဖော်ထုတ်ရန်၊ အသင်းဝင်များ၏ ချေးငွေနှင့် လူမှုစီးပွားဘဝကို အကာအကွယ်ပေးရန်အတွက် ယင်းတို့နှင့် ကိုက်ညီသည့် အာမခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်က ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်နေသည့် ငွေကြေးဝန်ဆောင်မှုပေးခြင်း အစီအစဉ်များနှင့် ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းမှ ကာကွယ်တားဆီးခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်သည့် ငွေကြေးအရင်းအမြစ် စိစစ်ခြင်း၊ အစီရင်ခံပေးပို့ခြင်း အခွန်ပေးဆောင်ခြင်း အပါအဝင် ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များ လျင်မြန်ချောမွေ့စေရန်၊ အသင်းဝင်များ ကြုံတွေ့နိုင်သည့် အွန်လိုင်းလိမ်လည်မှု (Online Scams)၊ ငွေကြေးဆိုင်ရာ ရာဇဝတ်မှုများနှင့် အသင်းဝင်များ၏ သတင်းအချက်အလက်များကို တလွဲအသုံးပြုခြင်းမှ ကာကွယ်နိုင်ရန် ငွေကြေးဆိုင်ရာ အသိပညာပေးခြင်းနှင့် Digital အသိပညာများပေးခြင်းလုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် စသည့်လိုအပ်ချက်များ ရှိနေသည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ယင်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းအဖြေရှာနိုင်ရန် ယနေ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ အသင်းဥက္ကဋ္ဌ ဦးကျင်ခန့်လျန်က အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး အသင်း၏လုပ်ငန်းဆောင်ရွက်မှု Video Clip အား ပြသသည်။

ထို့နောက် သက်ဆိုင်ရာ အစုအဖွဲ့ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုကြပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ကျောက်တန်းစက်ရုံစု နယ်မြေရှိ M Rubber စက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ရော်ဘာကုန်ကြမ်းများ ရရှိမှုနှင့် စနစ်တကျ သိုလှောင်ထားရှိမှု၊ ရော်ဘာအဆင့်ဆင့် ထုတ်လုပ်ဆောင်ရွက်နေမှု၊ စက်ရုံအတွက် လိုအပ်သည့် ရေနှင့် လျှပ်စစ်မီးရရှိမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့ဝင်များသည် စက်ရုံဝင်းအတွင်း ရော်ဘာကုန်ကြမ်းများအား စက်ယန္တရားများအသုံးပြု၍ အရည်အသွေးမြင့် ရော်ဘာများအဖြစ် အဆင့်ဆင့်ထုတ်လုပ်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်၌ ကျင်းပသည့် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် မြိုင်ရတနာငါးထပ်ဈေး (Grand Mawlamyine Shopping Mall ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဈေးဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဈေးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာသို့ သွားရောက်၍ အိမ်တွင်း စက်မှုလက်မှုပစ္စည်းအရောင်းဆိုင်များ၊ MSME ဒေသထွက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် အိမ်တွင်းလက်မှုလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ရိုးရာလက်မှုလုပ်ငန်းများအား ယနေ့ထိတိုင် လက်ဆင့်ကမ်း ထိန်းသိမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လက်မှုပညာရှင်ကြီးများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များက (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ ဂုဏ်ပြုသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် သနပ်ခါးအလှမယ်ပြိုင်ပွဲ၌ ဆုရရှိသူများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ပြီး မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကအလှများနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ **သတင်းစဉ်**



## ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယနေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်)သို့ ရောက်ရှိပြီး ပြတိုက်၌ ခင်းကျင်းပြသထားသော မြန်မာ့သမိုင်းကြောင်းပြခန်း၊ သဘာဝပေါက်ပင်နှင့် ဒေသတွင်း ကျေးငှက်တိရစ္ဆာန်ပြခန်း၊ မွန်ရိုးရာ ဓလေ့ထုံးစံများပြခန်း၊ လက်မှု အနုပညာလုပ်ငန်းများပြခန်း၊ မွန်စာပေပြခန်း၊ မွန်တူရိယာများပြခန်း၊ ဒေသတွင်း ထူးခြားထင်ရှားသူများပြခန်း စသည့် ပြခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြတိုက်တာဝန်ခံက ပြတိုက်အတွင်း ခင်းကျင်းထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အများပြည်သူ ပိုမိုစိတ်ဝင်စားရန်အတွက် ခေတ်မီနည်းစနစ်များကို အသုံးပြု၍ ခင်းကျင်းထားရှိရေး၊ ပြတိုက်သို့ လာရောက်ကြည့်ရှုသော ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများ ဗဟုသုတ ပိုမိုရရှိအောင် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ဆောင်သွားရေးအတွက် လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများ လစဉ်ကျင်းပတော့မည်

ဝဏ္ဏ(ရိုးရာလက်ဝှေ့)

**မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် လက်ဝှေ့ပွဲများ စီစဉ်သည့် MMAG တို့ ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် မတ်လမှစ၍ လစဉ်မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများ ကျင်းပတော့မည်ဟု သိရသည်။**

ထိုပွဲများအတွက် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိက ပံ့ပိုးကူညီပေးထားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စကိုင်းနက်ရုပ်သံ၊ မွန်မင်းလမ်းကုမ္ပဏီလီမိတက်နှင့် အောင်ပြီဟော့ ဖယောင်းတိုင်လုပ်ငန်းတို့က ပူးတွဲပံ့ပိုးပေးထားသည်။

မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပွဲများကို ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက် အိုလံပစ်နေ့မှစ၍ Myanmar Fight ဟူသော အမည်ဖြင့် ရန်ကုန်၊ ပုဂံ၊ မြောင်းမြမြို့များတွင် ပွဲစဉ်(၁)မှ (၁၉)အထိ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် လက်ဝှေ့ပွဲများစီစဉ်သည့် MMAG တို့ ပူးပေါင်းစီစဉ်ခဲ့ပြီးဖြစ်သည်။ ထိုစဉ်က လက်ဝှေ့သမားများ မျိုးဆက်ပြတ်တောက်မည့် အရေးကို မြင်ခဲ့သော တာဝန်ရှိသူများ မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများကို စီစဉ်ပေးခဲ့သည့်အတွက် ယခု မြန်မာ့လက်ဝှေ့လောကတွင် နာမည်ကျော်ကြားနေသော ကျော်စွာဝင်း၊ ထွန်းလွင်မိုး၊ ကောင်းကောင်း၊ ကိုကို၊ စွမ်းထက်နိုင်၊ ကျန်ကျောင်း၊ သွေးသစ်မောင်နှင့် အမျိုးသမီးလက်ဝှေ့ကျော် ဘရောနီကာ အစရှိသည့် ရွှေခါးပတ်ရှင် လက်ဝှေ့ကျော်များကို မွေးထုတ်နိုင်ခဲ့သည်။

ထိုသို့ မျိုးဆက်သစ်ပွဲများ အရှိန်အဟုန်ကောင်းနေစဉ်တွင် ပွဲစီစဉ်သူတစ်ဦးက သူသာစီစဉ်ခွင့်ရလျှင် မျိုးဆက်သစ်ပွဲများကို ထိုးသတ်ကြေးများစွာ ပေးမည်ဟု တောင်းဆိုလာသဖြင့် ထိုစဉ်က ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သည် မျိုးဆက်သစ်ပွဲများ ကျင်းပပေးနေသည့် MMAG နှင့် လက်တွဲဖြုတ်ကာ အဆိုပါ ပွဲစီစဉ်သူကို မျိုးဆက်သစ်ပွဲ ကျင်းပခွင့်ပြုခဲ့သည်။ သို့သော်လည်း ပွဲစဉ်သုံးပွဲအပြီးတွင် ဆက်မလုပ်လိုတော့ဟုဆိုကာ ရပ်တန့်သွားခဲ့သည်။

ယခုလည်း မြန်မာလက်ဝှေ့ကျော်များသည် ထိုးသတ်ကြေးပိုမိုရရှိသော ပြည်ပကိုယ်ခံပညာပြိုင်ပွဲများသို့ ကူးပြောင်းယှဉ်ပြိုင်လျက်ရှိရာ ပြည်တွင်းတွင် ရိုးရာလက်ဝှေ့သမားများ မျိုးဆက်ပြတ်တောက်မည့် အခြေအနေနှင့် စတင်ရင်ဆိုင်နေရသည်။ ထို့အတွက် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် သွားရောက်တွေ့ဆုံ၍ မျိုးဆက်သစ်ပွဲများ ကျင်းပရန် မေတ္တာရပ်ခံ အကူအညီတောင်းခံခဲ့သည်။ ထိုတွေ့ဆုံမှုရလဒ်အဖြစ် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများကို လစဉ်မြင်တွေ့ရတော့မည်ဖြစ်ပြီး ရန်ကုန်မြို့သို့ လာရောက်မကြည့်ရှုနိုင်သော ရိုးရာလက်ဝှေ့ချစ်ပရိသတ်များအတွက် စကိုင်းနက်ရုပ်သံမှ တစ်နိုင်ငံလုံးသို့ ပြသပေးမည်ဖြစ်ကြောင်း သိရသည်။



ရိုးရာလက်ဝှေ့ကစားသမား နှစ်ဦး ယှဉ်ပြိုင်ထိုးသတ်နေမှုကို တွေ့ရစဉ်။

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၅ ခုနှစ်က မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများကျင်းပရန် ပံ့ပိုးကူညီခဲ့ရုံမျှမက ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များ ဂျပန်သို့ ၁၅ ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့ရာတွင်လည်း အဓိကပံ့ပိုးကူညီပေးခဲ့သည်။ ထိုစဉ်က သွားရောက်ယှဉ်ပြိုင်သည့် ရိုးရာလက်ဝှေ့ကျော်များထဲတွင် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများမှ မွေးထုတ်လိုက်သော လက်ဝှေ့ကျော်များစွာ ပါဝင်ခဲ့သည်။ ထို့အပြင် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် တောင်ငူမြို့တွင် ကျင်းပသော လွတ်လပ်ရေးနေ့ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ရှစ်နှစ်ဆက်တိုက် ပံ့ပိုးကူညီခဲ့သည့် မြန်မာ့ရိုးရာလက်ဝှေ့တိုးတက်ရေးအတွက် အဓိကပံ့ပိုးခဲ့သော ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။

မျိုးဆက်သစ် လက်ဝှေ့သမားများတွင် ရွက်ပုန်းသီး လက်ဝှေ့ထူးချွန်သူများ များစွာရှိနေပြီး ထိုမျိုးဆက်သစ်များကို မြေတောင်မြှောက်စင်တင်ပေးမည့် အခွင့်အရေးကို ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။ ရိုးရာလက်ဝှေ့၏ မိခင်မြေဖြစ်သော သိမ်ဖြူရိုးရာလက်ဝှေ့ခန်းမ၌ မျိုးဆက်သစ် လက်ဝှေ့သမားလေးများသည် မီးရောင်စုံအောက်တွင် ပြိုင်ပွဲကြီးတစ်ခုကို ယှဉ်ပြိုင်နေရသကဲ့သို့ စီစဉ်ပေးမည့်အတွက် သူတို့အတွက် အတွေ့အကြုံကောင်းများ ရရှိစေမည်ဖြစ်သည်။

ထို့အပြင် လစဉ်ကျင်းပမည့် မျိုးဆက်သစ်လက်ဝှေ့ကျော်များထဲမှ ထူးချွန်သူများအား ရွေးချယ်ပြီး ထပ်မံ၍ ပွဲစီစဉ်ပေးခြင်းဖြင့် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝကို အချိန်တိုအတွင်း ရရှိစေနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် လက်ဝှေ့ပွဲစီစဉ်သူ MMAG Co., Ltd. တို့က မျိုးဆက်သစ်လက်ဝှေ့ပွဲများ စီစဉ်နေသလို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ၂၀၂၅ ခုနှစ်အတွင်း GYM ပေါင်းစုံရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့က နိုင်ငံတကာတွင် စိတ်ဝင်စားမှုများပြားလာပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ ဒေသဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသည့် ပြည်ပနိုင်ငံများစွာက ဆက်သွယ်လျက်ရှိသည်။ လက်ရှိတွင် ရုရှား၊ ဗြိတိန်၊ ဂျပန်၊ မော်ရိုကို၊ ဟန်ဂေရီ၊ တူကီယဲ၊ ထိုင်းနိုင်ငံနှင့် တရုတ်တိုင်ပေတို့တွင် မြန်မာ့ရိုးရာလက်ဝှေ့ဒေသဆိုင်ရာ ကိုယ်စားလှယ်များ ခန့်အပ်ပြီးဖြစ်သည်။ ထို့အပြင် ရိုးရာလက်ဝှေ့ဆိုသောအမည်ဖြင့် ဂျပန်နိုင်ငံတွင် ၁၅ ပွဲ၊ ထိုင်းနိုင်ငံတွင် နှစ်ပွဲ၊ တရုတ်တိုင်ပေတွင် တစ်ပွဲ ကျင်းပခဲ့ပြီးဖြစ်သည်။ ထိုပွဲများတွင် မြန်မာ့ရိုးရာလက်ဝှေ့သမား အမျိုးသား ၈၀ နှင့် အမျိုးသမီး ငါးဦးတို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

လက်ရှိချန်ပီယံများက မျိုးဆက်သစ် မျက်နှာသစ်ကစားသမားဘဝမှ ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်ရင်း တန်းဝင်လက်ဝှေ့ကျော်များဘဝသို့ ရောက်ရှိလာရသည်ဖြစ်ရာ အဆိုပါ မီးခဲပြာဖုံး မျိုးဆက်သစ်များအား မြေတောင်မြှောက်ပေးရန်၊ စင်တင်ပေးရန်မှာ ရိုးရာလက်ဝှေ့ကလပ်များ၊ ပွဲစီစဉ်သူများနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တွင် တာဝန်ရှိသလို ပြိုင်ပွဲများကျင်းပရာတွင် ကုန်ကျစရိတ်များရှိသည့်အတွက် ပံ့ပိုးမည့် စီးပွားရေးလုပ်ငန်းများ၊ ဝါသနာရှင် စီးပွားရေးလုပ်ငန်းရှင်များ၏ ပံ့ပိုးမှုကလည်း မရှိမဖြစ် လိုအပ်သည့်အရာဖြစ်သည်။

ထိုလိုအပ်ချက် နှစ်ခုစလုံးကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ ပွဲစီစဉ်သည့် MMAG Co., Ltd.၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စကိုင်းနက်ရုပ်သံ၊ မွန်မင်းလမ်းကုမ္ပဏီလီမိတက်နှင့် အောင်ပြီဟော့ ဖယောင်းတိုင်လုပ်ငန်းတို့က ဖြည့်ဆည်းပြီးဖြစ်ရာ ကြိုးစားအားထုတ်ရမည်မှာ ရည်မှန်းချက်ကြီးမားသော မျိုးဆက်သစ်ရိုးရာလက်ဝှေ့သမားလေးများနှင့် သူတို့ကို လေ့ကျင့်ပေးနေသည့် ရိုးရာလက်ဝှေ့နည်းပြများ၊ ကလပ်များ၏ တာဝန်သာကျန်ပေတော့သည်။

ပြည်တွင်း ပြည်ပတွင် ရိုးရာလက်ဝှေ့ပွဲများ ကျင်းပနေသော MMAG Co.,Ltd. ၏ တာဝန်ရှိသူတစ်ဦးက **"ကျွန်တော်တို့ ပြည်ပသုံးနိုင်ငံမှာ ရိုးရာလက်ဝှေ့သီးသန့်ပြိုင်ပွဲ ၁၈ ပွဲ ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲတွေကို နာမည်ကြီးလက်ဝှေ့ကျော်တွေသာမက မျိုးဆက်သစ်လက်ဝှေ့သမားလေးတွေပါ အချိုးကျခေါ်သွားပြီး ပြည်ပ အတွေ့အကြုံရရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု မျိုးဆက်သစ်ပြိုင်ပွဲကလည်း ၁၀ နှစ်အကြာမှာ ပြန်လည်ကျင်းပတဲ့ ပြိုင်ပွဲဖြစ်ပြီး ဒီပြိုင်ပွဲက တောက်ပြောင်လာမယ့် မျိုးဆက်သစ် လက်ဝှေ့ကျော်တွေကို ပြည်ပနိုင်ငံတွေအထိ ခေါ်ယူပွဲပေးသွားမှာဖြစ်ပါတယ်"**ဟု ပြောသည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌကလည်း **"မြန်မာနိုင်ငံ တစ်နိုင်ငံလုံး ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားသလို ရိုးရာလက်ဝှေ့သမားလေးတွေက တစ်နိုင်ငံလုံးမှာ ရှိပါတယ်။ ဒီကလေးတွေကို ပြိုင်ပွဲအတွေ့အကြုံရအောင် ဆောင်ရွက်ပေးဖို့က ကျွန်တော်တို့အဖွဲ့ချုပ်ရဲ့ တာဝန်ပါ။ ပွဲကို နှစ်လုံးပေါက် ကျင်းပရမှာ ဖြစ်တဲ့အတွက် ကုန်ကျစရိတ်လည်း များပြားပါတယ်။ အခမဲ့ပြိုင်ပွဲဖြစ်ပေမယ့် ကစားသမားတွေအတွက် ခရီးစရိတ်၊ စားစရိတ်၊ ထိုးသတ်ကြေးတွေပေးရသလို ဒိုင်စရိတ်၊ ဆေးအဖွဲ့စရိတ်၊ ဆိုင်း၊ မီး၊ အသံ၊ မော်ဒယ်စရိတ်တွေလည်း ရှိပါတယ်။ အခု မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပေးပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စကိုင်းနက်ရုပ်သံ၊ မွန်မင်းလမ်းကုမ္ပဏီလီမိတက်၊ အောင်ပြီဟော့ ဖယောင်းတိုင်တို့က ဝိုင်းဝန်းပံ့ပိုးကူညီတဲ့အတွက် အခုလို ပြိုင်ပွဲဖြစ်မြောက်အောင် ဆောင်ရွက်နိုင်တာပါ"** ဟု ပြောပြသည်။

မြန်မာဖိုက် (Myanmar Fight) အမည်ဖြင့် ကျင်းပမည့် ရိုးရာလက်ဝှေ့မျိုးဆက်သစ် ပြိုင်ပွဲကြီးသည် ယခု မတ်လမှစ၍ လစဉ်ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ရိုးရာလက်ဝှေ့မျိုးဆက်သစ် ကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်အသင့်ဖြစ်နေစေရန် ယခုကပင် ပြင်းပြင်းထန်ထန် လေ့ကျင့်အားထုတ်သင့်ပါကြောင်း အသိပေး တင်ပြလိုက်ရပါသည်။ ။

❖ **လက်ရှိချန်ပီယံများက မျိုးဆက်သစ် မျက်နှာသစ်ကစားသမားဘဝမှ ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်ရင်း တန်းဝင်လက်ဝှေ့ကျော်များဘဝသို့ ရောက်ရှိလာရသည်ဖြစ်ရာ အဆိုပါ မီးခဲပြာဖုံး မျိုးဆက်သစ်များအား မြေတောင်မြှောက်ပေးရန်၊ စင်တင်ပေးရန်မှာ ရိုးရာလက်ဝှေ့ကလပ်များ၊ ပွဲစီစဉ်သူများနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တွင် တာဝန်ရှိသလို ပြိုင်ပွဲများကျင်းပရာတွင် ကုန်ကျစရိတ်များရှိသည့်အတွက် ပံ့ပိုးမည့် စီးပွားရေးလုပ်ငန်းများ၊ ဝါသနာရှင်စီးပွားရေးလုပ်ငန်းရှင်များ၏ ပံ့ပိုးမှုကလည်း မရှိမဖြစ် လိုအပ်သည့်အရာဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ” သုံးသပ်ဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန –၁ (MICC–1) ၌ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပမည့် “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ” သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Beyond 2025: Challenges and Opportunities in the Multipo–lar World) အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများသည် “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ” သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည့် ကျောက်စိမ်းခန်းမသို့ ရောက်ရှိပြီး ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဖွင့်ပွဲအခမ်းအနားတွင် အနုပညာဦးစီးဌာနမှ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ရန် အစမ်းလေ့ကျင့်နေမှု၊ မီးနှင့်အသံပိုင်းဆိုင်ရာများ ပြင်ဆင်ထားရှိမှု၊ Video Clip ပြင်ဆင်ထားရှိမှု၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရန် စီစဉ်ဆောင်ရွက်ထားရှိမှု သုံးသပ်ဆွေးနွေးပွဲတွင် ပြသမည့် မှတ်တမ်းဓာတ်ပုံ Live Box များ ပြင်ဆင်ထားရှိမှုနှင့် အခမ်းအနားတစ်ခုလုံး အသေးစိတ်စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်ဆွေးနွေးကြမည့် နိုင်ငံတကာ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းပြည်ပ ပညာရှင်များ တည်းခိုနေထိုင်မှု အဆင်ပြေစေရေးနှင့် နေပြည်တော်၏ အထင်ကရဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်နိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

**ပါဝင်ဆွေးနွေးသွားမည်**

အဆိုပါ သုံးသပ်ဆွေးနွေးပွဲတွင် “ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့် အာရှ၏ အခန်းကဏ္ဍ”၊ “၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံ တွေ့ရမည့် ပထဝီစီးပွားရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ”၊ “၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ” စသည့် ခေါင်းစဉ်သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင် ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေ့လာသုံးသပ်သူများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ မြန်မာနိုင်ငံအရေး စိတ်ဝင်စားကြသူများ တက်ရောက်ကြမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏ အခြေအနေမှန်ကို ကမ္ဘာက သိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။ **သတင်းစဉ်**

# “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ” သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ရန် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့(Myanmar Narrative Think Tank)က စီစဉ်ကျင်းပသည့် “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ” သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Beyond 2025: Challenges and Opportunities in the Multipolar World) တက်ရောက်ရန် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများသည် ယနေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများအား ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Thank Tank) တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ညနေပိုင်းတွင် အဆိုပါအဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်လေ့လာကြသည်။

“၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ” သုံးသပ်ဆွေးနွေးပွဲကို မတ် ၂၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၁ (MICC–I)၌ ကျင်းပသွားမည်ဖြစ်ပြီး တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အီတလီနှင့် နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုစဉ်။

# ပဲခူးမြို့နယ်၌ အမှုထမ်းများ လုပ်ငန်းခွင်အကြိုမွမ်းမံသင်တန်း(၁/၂၀၂၅)ဖွင့်လှစ်

**ပဲခူး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်အတွက်



တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဖွင့်လှစ်သည့် အမှုထမ်းများ လုပ်ငန်းခွင်အကြိုမွမ်းမံသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲကို မတ် ၁၇ ရက်က တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူကျော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ အမှုထမ်း ၁၂ ဦးအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများမှ အရာရှိများက မတ် ၁၇ ရက်မှ မတ် ၂၁ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မတ် ၂၀ ရက်၌ အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12) တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး





**နေပြည်တော် မတ် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းနှင့် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများရှိ စာစစ်ဌာနများသို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်နှစ် တစ်နှစ်တာ ကာလအတွင်း လေ့လာသင်ယူကျက်မှတ်ခဲ့သည်များကို မိမိတို့ရည်မှန်းထားသည့်အတိုင်း အကောင်းဆုံးကြိုးစားဖြေဆိုကြရန် အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကိုလိုက်လံကြည့်ရှုအားပေး၍ တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ သွားရောက်ပြီး ကျောင်းသားကျောင်းသူများအေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှု အားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို



**နေပြည်တော် မတ် ၁၉**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် တတိယနေ့အဖြစ် သင်္ချာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းသားကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်း မပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ် ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၄ ခု စာစစ်ဌာန စုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၅၈၀ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ကျောင်းသား ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေသန့်ဘူးများနှင့် အချိုရည်ဘူးများ ပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

"ကျွန်မက အ.ထ.က (၂၂) အခြေခံပညာ အထက်တန်းကျောင်းတက္ကသိုလ်ဝင်စာမေးပွဲအတွင်း ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်နေတာပါ။ ကျောင်းသား ကျောင်းသူ ဖြေဆိုတဲ့စာရင်းရှိတာက ၃၀၄ ဦးပါ။ တကယ်တမ်းဖြေဆိုတာက ၂၈၃ ဦးပါ။ ကျောင်းသား ကျောင်းသူ ဖြေဆိုတဲ့ရာခိုင်နှုန်းက ၉၃ ရာခိုင်နှုန်း ရှိပါတယ်။ မြန်မာစာနေ့ကတော့ သူတို့ ဖြေဆိုပြီးတဲ့အချိန်မှာ ရွှင်လန်းတက်ကြွပျော်ရွှင်စွာနဲ့ ဖြေဆိုနိုင်ကြတဲ့အကြောင်းပြောပြီး ပြီးသွားခဲ့ပါတယ်။ အင်္ဂလိပ်စာနေ့မှာ အချိန်မစေ့ခင်ထွက်တာလည်း မရှိဘဲ၊ ကြိုးစားပြီးတော့ ဖြေကြပါတယ်။ စနစ်သစ်နဲ့စနစ်ဟောင်းမှာတော့ ကွာခြားချက်က စနစ်သစ်ရဲ့ သင်္ချာ၊ ရူပဗေဒနဲ့ ဓာတုဗေဒဘာသာတွေ၊ ဘာသာရပ်တွေအားလုံးသူတို့ရဲ့ သင်ရိုးညွှန်းတမ်းတွေကအစ အဆင့်မြင့်လာတာကို တွေ့ရပါတယ်။ အဲဒီအတွက် ကလေးတွေလည်း ကျွမ်းကျင်မှု၊ တတ်မြောက်မှုနယ်ပယ်အသီးသီးမှာလည်း ပိုမိုမြင့်မားလာမှာပါ။ အခြေခံပညာအထက်တန်းအဆင့် Grade-12 ပြီးဆုံးသွားတယ်ဆိုတာ ကိုယ့်ရဲ့ သမိုင်းမှတ်တမ်းတစ်ခု ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူအားလုံးပဲကြိုးစားပြီးဖြေဆိုကြပါ။



ဆရာမ။



ကျောင်းသား။

အောင်မြင်အောင်လည်း ဖြေဆိုကြပါ။ ဂုဏ်ထူးတွေရအောင်လည်း ဖြေဆိုကြပါလို့ အားပေးစကားပြောချင်ပါတယ်"ဟု ဆရာမတစ်ဦးက ပြောကြားသည်။

"မနေ့က အင်္ဂလိပ်စာဖြေတဲ့အခါမှာ အားရမှုရှိသလို၊ အားမရမှုလည်း နည်းနည်းရှိပါတယ်။ မေးခွန်းအားလုံးကိုလည်း ဖြေဆိုနိုင်တယ်လို့ မဟုတ်ပါဘူး။ တချို့တစ်ဝက်တွေက ကိုယ်ရဲ့ဉာဏ်နဲ့ သိသလောက်တော့ ဖြေခဲ့ပါတယ်။ ဒီနေ့ သင်္ချာမှာလည်း ကျွန်တော်ဂုဏ်ထူးတော့ မှန်းထားပါတယ်။ မြန်မာနဲ့ အင်္ဂလိပ်ကိုလည်း ဂုဏ်ထူးမှန်းထားပါတယ်။ ဖြေခဲ့တဲ့ဘာသာတွေ အားလုံးကို အားရမှုရှိတယ်လို့လည်း ပြောလို့ရပါတယ်။ ကျွန်တော်က အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်ပါတယ်" ဟု ကျောင်းသားတစ်ဦးက ပြောသည်။

**သတင်းစဉ်**





# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12) တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှု မြို့တော်ဝန်ကြည့်ရှုအားပေး

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၌ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12) တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများကို သွားရောက်ကြည့်ရှု အားပေးပြီး မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများအား တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာပြီးဆုံးသည်အထိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားကြောင်း သိရသည်။

**မိုးမြင့်မောင်၊ ဓာတ်ပုံ - ရွှေဝင်း**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၅၈၀ ရှိ

**နေပြည်တော် မတ် ၁၉**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းက စတင် ကျင်းပရာ နိုင်ငံခြားစာစစ်ဌာန အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ ဦးရေစုစုပေါင်း ၂၀၈၅၈၀ ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်း စာစစ်ဌာန ၈၀၄ ခု စာစစ်ဌာနစုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်လာရောက်ဖြေဆိုသူဦးရေစုစုပေါင်း ၂၀၈၅၈၀၊ ပျက်ကွက် ၁၂၂၆၃ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- သင်္ချာ

နေ့စွဲ - ၁၉-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၈၉၅ | ၆၀၇၈ | ၉၉၇၃ | ၃၃၃၆ | ၅၃၆၂ | ၈၆၉၈ | ၅၅၉ | ၇၁၆ | ၁၂၇၅ | ၈၇.၂၂% | ၁၂.၇၈% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၄၄ | ၉၇ | ၁၄၁ | ၄၂ | ၉၀ | ၁၃၂ | ၂ | ၇ | ၉ | ၉၃.၆၂% | ၆.၃၈% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၁၇၆ | ၂၃၆၈ | ၃၅၄၄ | ၁၀၇၆ | ၂၂၇၁ | ၃၃၄၇ | ၁၀၀ | ၉၇ | ၁၉၇ | ၉၄.၄၄% | ၅.၅၆% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၂၀၈ | ၃၄၈ | ၅၅၆ | ၁၄၈ | ၂၆၀ | ၄၀၈ | ၆၀ | ၈၈ | ၁၄၈ | ၇၃.၃၈% | ၂၆.၆၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၀ | ၃၅ | ၄၁၃၁ | ၆၀၇၄ | ၁၀၂၀၅ | ၃၈၄၄ | ၆၀၂၀ | ၉၈၆၄ | ၂၈၇ | ၁၅၄ | ၄၄၁ | ၉၅.၇၂% | ၄.၂၈% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၇၂၈ | ၃၀၂၉ | ၄၇၅၇ | ၁၆၂၁ | ၂၉၂၀ | ၄၅၄၁ | ၁၀၇ | ၁၀၉ | ၂၁၆ | ၉၅.၄၆% | ၄.၅၄% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၅၁၉၅ | ၇၇၉၀ | ၁၂၉၈၅ | ၄၈၆၂ | ၇၅၂၆ | ၁၂၃၈၈ | ၃၃၃ | ၂၆၄ | ၅၉၇ | ၉၅.၄၀% | ၄.၆၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၄၀၂ | ၅၇၇၀ | ၁၀၁၇၂ | ၄၁၀၂ | ၅၅၇၀ | ၉၆၇၂ | ၃၀၀ | ၂၀၀ | ၅၀၀ | ၉၅.၀၈% | ၄.၉၂% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၈၆၁ | ၁၀၇၃၉ | ၁၈၆၀၀ | ၇၃၉၁ | ၁၀၄၅၀ | ၁၇၈၄၁ | ၄၇၀ | ၂၈၉ | ၇၅၉ | ၉၅.၉၂% | ၄.၀၈% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၅၄၇၃ | ၂၀၀၂၇ | ၃၅၅၀၀ | ၁၄၆၇၈ | ၁၉၅၈၈ | ၃၄၂၆၆ | ၇၉၅ | ၄၃၉ | ၁၂၃၄ | ၉၆.၅၂% | ၃.၄၈% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၁၆၆ | ၆၁၈၄ | ၉၃၅၀ | ၃၀၀၄ | ၅၉၆၈ | ၈၉၇၂ | ၁၆၂ | ၂၁၆ | ၃၇၈ | ၉၅.၉၆% | ၄.၀၄% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၈ | ၁၄၁၇ | ၁၈၄၇ | ၃၂၆၄ | ၇၄၀ | ၈၂၃ | ၁၅၆၃ | ၆၇၇ | ၁၀၂၄ | ၁၇၀၁ | ၄၇.၈၉% | ၅၂.၁၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၁ | ၁၇၇၉၈ | ၂၁၄၆၅ | ၃၉၂၆၃ | ၁၆၆၉၁ | ၂၀၆၅၇ | ၃၇၃၄၈ | ၁၁၀၇ | ၈၀၈ | ၁၉၁၅ | ၉၅.၁၂% | ၄.၈၈% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၈၄၂ | ၇၉၃၆ | ၁၂၇၇၈ | ၄၆၄၀ | ၇၇၅၈ | ၁၂၃၉၈ | ၂၀၂ | ၁၇၈ | ၃၈၀ | ၉၇.၀၃% | ၂.၉၇% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၇၃ | ၄၁၆ | ၆၈၉ | ၂၅၄ | ၄၀၄ | ၆၅၈ | ၁၉ | ၁၂ | ၃၁ | ၉၅.၅၀% | ၄.၅၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၇၈ | ၁၀၆၇ | ၁၇၄၅ | ၆၅၀ | ၁၀၄၄ | ၁၆၉၄ | ၂၈ | ၂၃ | ၅၁ | ၉၇.၀၈% | ၂.၉၂% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၅ | ၁၄၈၇၆ | ၁၉၃၉၉ | ၃၄၂၇၅ | ၁၃၆၅၅ | ၁၈၅၈၀ | ၃၂၂၃၅ | ၁၂၂၁ | ၈၁၉ | ၂၀၄၀ | ၉၄.၀၅% | ၅.၉၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၇၃၀ | ၇၁၉၆ | ၁၂၉၂၆ | ၅၄၆၉ | ၇၀၆၆ | ၁၂၅၃၅ | ၂၆၁ | ၁၃၀ | ၃၉၁ | ၉၆.၉၈% | ၃.၀၂% | |
| ၁၉ | နိုင်ငံခြား | | | ၁၃ | ၁၁ | ၉ | ၂၀ | ၁၁ | ၉ | ၂၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၁ | ၈၁၇ | ၉၂၉၀၄ | ၁၂၇၉၃၉ | ၂၂၀၈၄၃ | ၈၆၂၁၄ | ၁၂၂၃၆၆ | ၂၀၈၅၈၀ | ၆၆၉၀ | ၅၅၇၃ | ၁၂၂၆၃ | ၉၄.၄၅% | ၅.၅၅% | |

## ဘုတ်ပြင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ဖြေဆိုနေမှု ကြည့်ရှုအားပေး

**ဘုတ်ပြင်း မတ် ၁၉**

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို ယနေ့နံနက်ပိုင်းက အထကဘုတ်ပြင်း စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဆက်လက်ဖြေဆို လျက်ရှိကြောင်း သိရသည်။



အဆိုပါ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနေမှုကို ဘုတ်ပြင်း ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး နှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အထက ဘုတ်ပြင်းစာစစ်ဌာန တွင် သင်္ချာဘာသာကို စာရင်းရှိ ဖြေဆိုမည့်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၆ ဦးရှိရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၅ ဦး ၉၄ ဒသမ ၉၁ ရာခိုင်နှုန်း ဖြေဆို ကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁ ဦး (၅ ဒသမ ဝ၉ ရာခိုင်နှုန်း) ပျက်ကွက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

## သန်လျင်မြို့နယ် နွေစပါးကေ ၁၀၀ စံပြကွက်ရိတ်သိမ်း

**ရန်ကုန် မတ် ၁၉**

သန်လျင်ခရိုင် သန်လျင်မြို့နယ် ဘယက်ကျေးရွာ တောင်သူ ဦးကျော်ဝင်းနိုင်၏ လယ်မြေ ဧက ၁၀၀ တွင် နွေစပါးစံပြကွက် ရိတ်သိမ်းပွဲကို ယနေ့ နံနက်ပိုင်း က အဆိုပါစံပြကွက်၌ ကျင်းပ သည်။

အစီအစဉ်အရ ရန်ကုန်တိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်နိုင်က ယာယီရှင်းလင်း ဆောင်တွင် ဒေသခံတောင်သူများ အား နွေစပါးစနစ်တကျစိုက်ပျိုး ခြင်းဖြင့် တောင်သူများ လူမှုစီးပွား ဘဝမြင့်မားတိုးတက်လာမည်ဖြစ် ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် လိုအပ်သည့်နည်းပညာ များ ပံ့ပိုးကူညီလျက်ရှိရာ လူမှု စီးပွားဘဝတိုးတက်စေရန် မျိုး ကောင်းမျိုးသန့်များ ရွေးချယ် စိုက်ပျိုးရန်လိုကြောင်း၊ သွင်းအားစု များ ပံ့ပိုးပေးထားသည့်အတွက် တောင်သူများ နွေစပါးကေတိုးချဲ့ စိုက်ပျိုးကြရန် ဆွေးနွေးမှာကြား သည်။ ထို့နောက် နွေစပါးကေ ၁၀၀ စံကွက်ရိတ်သိမ်းမှုနှင့်ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါး ရိတ်သိမ်းနေမှုအား တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင် သိုက်ဝင်းနှင့် ခရိုင်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင် များ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ် မှုအဖွဲ့ဝင်များ၊ တောင်သူများက ကြည့်ရှုအားပေးကြသည်။



သန်လျင်မြို့နယ် ဘယက် ကျေးရွာ နွေစပါးကေ ၁၀၀ ရိတ်သိမ်းမှုတွင် တစ်ကေပျမ်းမျှ (အခြောက်တင်း) ၁၂၄ ဒသမ ၃၃ တင်း ထွက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရ သည်။ **သန်းဝင်း(သန်လျင်)**

ကမ္ဘာ့ရေနေ့ အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ပထမဆုရ ဆောင်းပါး

# ရေအရင်းအမြစ်များ တည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့

**အေးမြမြနွေလေညင်းများ၊ ရွှေအိုရောင်ရွက်ဝါကြွေများနှင့် ဥဩတေးသီသံချိုချိုများကြားတွင် မတ်လ ၂၂ ရက်နေ့ ကမ္ဘာ့ရေနေ့ (World Water Day) သည် တစ်ကျော့ပြန် ရောက်ရှိလာခဲ့ပြန်ပြီဖြစ်သည်။ ဤမြေကမ္ဘာ၏ ဇီဝအမြုတေဖြစ်သော ရေသယံဇာတအရင်းအမြစ်များအား ကမ္ဘာသူ ကမ္ဘာသားအားလုံး ထိန်းသိမ်းစောင့်ရှောက်ပေးကြရန် ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ရေနေ့အား ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပကြလေ့ရှိပါသည်။**

အေးမြင့်ဆွေ

### ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်

၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ရေနေ့ဆောင်ပုဒ် (Theme) မှာ **"ရေအရင်းအမြစ်များ တည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့"** (Glacier Conservation) ဖြစ်ပါသည်။ ရေအရင်းအမြစ် ထိန်းသိမ်းမှုအတွက် အများစုသတိမထားမိခဲ့ကြသော ရေခဲမြစ်များအား အထူးသတိပြု အာရုံစိုက်မိစေသောကြောင့် အလွန်ထူးခြားပါသည်။ ကုလသမဂ္ဂ၏ UNESCO World Water Development Programme မှ ကမ္ဘာ့ရေနေ့အတွက် ကမ္ဘာ့ရေဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ (World Water Development Report) အား နှစ်စဉ်ထုတ်ပြန်ပါသည်။ ထိုအစီရင်ခံစာပါ အကြောင်းအရာများပေါ်မှီတည်၍ ကမ္ဘာ့ရေနေ့၏ ဆောင်ပုဒ်(Theme) အား UN–Water မှ ရွေးချယ်သတ်မှတ်ခြင်းဖြစ်ပါသည်။ထို့ပြင် ၂၀၂၅ ခုနှစ်အား နိုင်ငံတကာရေခဲမြစ်များထိန်းသိမ်းရေး စတင်မိတ်ဆက်သည့်နှစ်အဖြစ် သတ်မှတ်၍ မတ်လ ၂၁ ရက်နေ့အား ကမ္ဘာ့ရေခဲမြစ်များနေ့ (World day for Glaciers) အဖြစ် သတ်မှတ်သွားမည်ဖြစ်ပါသည်။

### ကမ္ဘာ့ရေနေ့ဖြစ်ပေါ်လာခြင်း

ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ရန်အတွက် ၁၉၉၂ ခုနှစ် ဘရာဇီးနိုင်ငံတွင် ကျင်းပသော ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံတွင် အစီအစဉ်အမှတ်(၂၁)ဖြင့် ပဏာမအဆိုပြုခဲ့ကာ ထိုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ် – A/RES/47/193 ဖြင့် အတည်ပြုခဲ့ပါသည်။ ၁၉၉၃ ခုနှစ် မတ်လ ၂၂ ရက်နေ့မှစ၍ ယခုနှစ်တိုင်အောင် နှစ်စဉ် ကမ္ဘာ့ရေနေ့အခမ်းအနားအား ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပကြရာ ၂၀၂၅ ခုနှစ်သည် (၃၃)ကြိမ်မြောက် ဖြစ်ပါသည်။

ကမ္ဘာ့ရေနေ့၏ အဓိကရည်ရွယ်ချက်များမှာ ရေအရင်းအမြစ်ထိန်းသိမ်းရန် လိုအပ်ချက်များအား သတိပြုမိစေရန်နှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများအား မတူကွဲပြားသော နည်းလမ်းများဖြင့် စုပေါင်းဖြေရှင်းနိုင်ကြရန်တို့ ဖြစ်ကြပါသည်။ ကမ္ဘာ့ရေနေ့တွင် ရေအရင်းအမြစ်ထိန်းသိမ်းရေးပြပွဲများ ပြသခြင်း၊ မှတ်တမ်းရုပ်ရှင်များ ထုတ်ဝေခြင်း၊ ညီလာခံနှင့် စာတမ်းဖတ်ပွဲများကျင်းပခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့အား ဆောင်ရွက်ကြပါသည်။




### ကမ္ဘာပေါ်ရှိရေ

ရေသည် ဤမြေကမ္ဘာအတွက် သဘာဝတရား၏ အလှပထူးခြားဆုံးသော လက်ဆောင်မွန်ဖြစ်ပါသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို ရေများဖုံးလွှမ်းလျက်ရှိသည်ဟူသော အချက်အရ ရုတ်တရက်စဉ်းစားပါက ရေသည် ကမ္ဘာပေါ်တွင် အပေါများဆုံးအရာဟု မှတ်ထင်နိုင်ပါသည်။ သို့ရာတွင် "နာမည်ကြီး ထမင်းဝတ်" ဟူသော စကားပုံကဲ့သို့ ထိုရေတို့သည် ရှိကားရှိ၏။ အကုန်သုံးမရ။ ရေထု၏ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်ရေငန်ဖြစ်ပြီး ၃ ရာခိုင်နှုန်းသာလျှင် ရေချိုဖြစ်၏။ ဤတွင်မပြီးသေး။ ထိုရေချိုထု၏ ၇၀ ရာခိုင်နှုန်းသည် ရေခဲပြင်၊ ၃၀ ရာခိုင်နှုန်းသည် မြေအောက်ရေ ဖြစ်ပြီး မြစ်ချောင်းများအတွင်းတွင် စုစုပေါင်းရေချိုပမာဏ၏ ၀ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိပါသည်။ သို့ဖြစ်ရာ ရေခဲမြစ်များသည် ကမ္ဘာ့ရေချိုထု အများဆုံး သိုလှောင်ထိန်းသိမ်းထားသည့် ရေချိုဘဏ်တိုက်များ ဖြစ်ကြပါသည်။

### ကမ္ဘာ့ရေခဲမြစ်များ

ရေခဲမြစ် (Glacier) ဆိုသည်မှာ ကိုယ်ပိုင်အလေးချိန်နှင့် ကမ္ဘာမြေဆွဲအားကြောင့် ကုန်းမြေပေါ်တွင် နိမ့်ရာသို့ ဖြည်းညင်းစွာ ရွေ့လျားနေသော ရေခဲပြင်အစုအဝေးများအား ခေါ်ဆိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရေခဲမြစ်ဟူသော အသုံးအနှုန်းတွင် တောင်ကြားရေခဲမြစ် (Valley Glacier) များသာမက ရေခဲပြင် (Ice Sheet) များအားလည်း ရေခဲမြစ်အမျိုးအစားများအဖြစ် သတ်မှတ်နိုင်ကြောင်း သိရှိရပါသည်။ အလွန်အေးသောဒေသများတွင် ဆီးနှင်းများ အထပ်ထပ်ကျရာမှ အချိန်ကြာမြင့်လာသောအခါတွင် သိပ်သည်းဆများလာပြီး ရေခဲပြင်များ တစ်လွှာပြီးတစ်လွှာ ဖြစ်ပေါ်ရာမှ ရေခဲမြစ်များဖြစ်ပေါ်လာကြပါသည်။ ရေခဲမြစ်များသည် အေးသောရာသီများတွင် နှင်းများအေးခဲခြင်းမှ ရေခဲအဖြစ် သိုလှောင်၍ နွေရာသီပူပြင်းချိန်တွင် အရည်ပျော်ကာ မြစ်ချောင်းများအတွင်းစီးဆင်းခြင်း ရေသံသရာဖြင့် ကမ္ဘာ့ရေချိုလိုအပ်မှုအား ဖြည့်ဆည်းပေးလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် ရေခဲမြစ်များအား ခေတ်အဆက်ဆက် လေ့လာခဲ့ကြပြီး ၁၉၇၂ ခုနှစ်မှစ၍ LANDSAT ကဲ့သို့သော ခေတ်မီနည်းပညာများ အသုံးပြုလေ့လာနိုင်ခဲ့ကြပါသည်။ ကမ္ဘာပေါ်တွင် ရေခဲမြစ် စုစုပေါင်း ၁၉၈၀၀၀ မှ ၂၀၀၀၀၀ ကျော်ခန့်အထိ တည်ရှိ၍ ကမ္ဘာ့ရေချိုပမာဏ၏ ၇၀ ရာခိုင်နှုန်းခန့်အား ပိုင်ဆိုင်ပါသည်။ အန္တာတိကတိုက်တွင် ၉၁ ရာခိုင်နှုန်း၊ ဂရင်းလန်းတွင် ၈ ရာခိုင်နှုန်းနှင့် ဟိမဝန္တာတောင်တန်းကဲ့သို့သော ကျန်ကမ္ဘာ့နေရာများတွင် ၁ ရာခိုင်နှုန်းခန့် ပျံ့နှံ့တည်ရှိကြပါသည်။

အာရှတိုက်ရှိ ဟိမဝန္တာရေခဲတောင်တန်းဒေသသည် အာဖဂန်နစ္စတန်၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဘူတန်၊ နီပေါ၊ မြန်မာနိုင်ငံတို့ပါဝင်ပြီး အာရှ၏ အဓိကမြစ်ကြီးများဖြစ်သော ဂင်္ဂါမြစ်၊ ဗြဟ္မပုတ္တရမြစ်၊ ယန်စီမြစ်၊ မြစ်ဝါမြစ်၊ မဲခေါင်မြစ်၊ ဧရာဝတီမြစ်၊ သံလွင်မြစ် စသည့်မြစ်ကြီးများ၏ မွေးဖွားရာဒေသဖြစ်ပါသည်။ အာရှတိုက်သားတို့၏ အဓိကရေအရင်းအမြစ်ဖြစ်၍ ထိုရေခဲတောင်ဒေသတွင် လူဦးရေသန်း ၂၄၀ နေထိုင်ပြီး ရေခဲတောင်မှ မြစ်ဖျားခံသော မြစ်ဝှမ်းများတွင် လူဦးရေ သန်း ၂၀၀၀ ခန့် နေထိုင်လျက်ရှိကြပါသည်။ အာရှတိုက်၏ အကြီးဆုံးရေခဲမြစ်မှာ ၄၇ မိုင် ရှည်လျားသည့် စီချန်း (Sichen) ရေခဲမြစ်ဖြစ်၍ အိန္ဒိယ–ပါကစ္စတန်နယ်စပ်ကက်ရှမီးယားဒေသတွင် တည်ရှိပါသည်။

မြန်မာနိုင်ငံတွင် မြောက်ဘက်ပိုင်း ကချင်ပြည်နယ် ပူတာအိုဒေသတွင် ရေခဲတောင် ရေခဲမြစ်များတည်ရှိပြီး အဓိကအသက်သွေးကြောမြစ် ဧရာဝတီမြစ်သည် ရေခဲတောင်ဒေသမှ မြစ်ဖျားခံစီးဆင်းပါသည်။ သံလွင်မြစ်နှင့် မဲခေါင်မြစ်များသည်လည်း ဟိမဝန္တာရေခဲတောင် ဒေသတွင် မြစ်ဖျားခံ၍ တရုတ်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း စီးဆင်းကြပါသည်။ ထို့ကြောင့် မြန်မာ့မြောက်ဖျားရေခဲမြစ်တို့သည် မြန်မာပြည်သူတို့၏ အနာဂတ်အတွက် များစွာအရေးပါလှပါသည်။

ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီ အမျိုးသားဥယျာဉ်တို့သည် ရေခဲတောင်ဂေဟစနစ်ဖြင့် ဖွဲ့စည်းတည်ရှိကာ ရေခဲတောင် တောရိုင်းတိရစ္ဆာန်များ၊ ဌာနေငှက်များ၊ ရေခဲငါးများ၊ ဆေးဖက်ဝင် သစ်သီးသစ်ဥများ၊ ရေခဲတောင်သစ်ခွများ ပေါများကြွယ်ဝလှပါသည်။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် တရုတ်နိုင်ငံရေခဲတောင်များနှင့် ဆက်စပ်နေပြီး တောရိုင်းတိရစ္ဆာန်နှင့် နို့တိုက်သတ္တဝါ ၄၃ မျိုး၊ ငှက်မျိုးစိတ် ၄၇၀ နီးပါး နေထိုင်ကျက်စား၍ အပင်မျိုးစိတ် ၂၉၇ မျိုးရှိ၍ ရှားပါးဆေးဖက်ဝင် အပင် ၂၄ မျိုးခန့် ကြွယ်ဝသော ဂေဟစနစ်ဖြစ်ပါသည်။ ဖုန်ကန်ရာဇီအမျိုးသားဥယျာဉ်သည် အိန္ဒိယရေခဲတောင်များနှင့် ဆက်စပ်တည်ရှိပြီး တောရိုင်းတိရစ္ဆာန်နှင့် တွားသွားသတ္တဝါ ၈၂ မျိုး၊ ငှက်မျိုးစိတ် ၃၇၀၊ လိပ်ပြာမျိုးစိတ် ၃၆၀ ခန့် မှီတင်းနေထိုင်ကြပါသည်။

### ရေခဲမြစ်တို့၏ အကျိုးကျေးဇူးများ

ရေခဲမြစ်များသည် ဤကမ္ဘာမြေအတွက် ရေချိုအများဆုံး သိုလှောင်ထားရာ အရင်းအမြစ်များဖြစ်ပါသည်။ ရေသည် ကောက်ပဲသီးနှံ စားရေရိက္ခာတို့၏ ဖန်တီးရှင်၊ လျှပ်စစ်စွမ်းအား၏ အခြေခံကုန်ကြမ်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှ ပထဝီဝင်နိုင်ငံရေးအထိ အရေးပါသော အရာဖြစ်ပါသည်။ နွေရာသီပူပြင်း၍ မိုးရေမရရှိသည့် ကာလများတွင် မြစ်ချောင်းများသည် ရေခဲမြစ်များ၏ ကျေးဇူးကြောင့်သာ အသက်ဆက်နိုင်ကြခြင်းဖြစ်ပါသည်။ ရေခဲမြစ်များသည် ပိုလာဝက်ဝံများ၊ ရေခဲတောင်ဒေသငှက်များ၊ ငါးများ၊ တောင်ဆိတ်များအပါအဝင် အခြားတောရိုင်းတိရစ္ဆာန်များအတွက် မရှိမဖြစ်သော ဂေဟစနစ်များဖြစ်ကြပါသည်။ ရေခဲတောင်ဒေသ သက်ရှိများအတွက် အခြားပတ်ဝန်းကျင်များ ဂေဟစနစ်များတွင် ရှင်သန်နေထိုင်ရန်မှာ အလွန်ခက်ခဲလိမ့်မည်ဖြစ်ပါသည်။

ရေခဲမြစ်များသည် တိုက်စားမှုဖြင့် မတ်စောက်သော တောင်ကြားနှင့် ကျောက်ဆောင် ကျောက်ကမ်းပါးကဲ့သို့ ဆန်းသစ်လှပသည့် ဘူမိဗေဒရုပ်သွင်မြေယာရှုခင်းများအား ထုဆစ်ပေးနိုင်ပါသည်။ ထို့ပြင် ကမ္ဘာမျက်နှာပြင်အား ရေခဲဖုံးအုပ်ထားမှုကြောင့် အပူချိန်အား ထိန်းညှိပေးနိုင်ခြင်း၊ မြစ်ရေများအား အေးမြသန့်စင်စေခြင်း၊ မြစ်ချောင်းများအတွင်းရှိ ရေနေသတ္တဝါများအတွက် လိုအပ်သော

*စာမျက်နှာ ၁၁ သို့*

- ❖ ၁၉၉၃ ခုနှစ် မတ်လ ၂၂ ရက်နေ့မှစ၍ ယခုနှစ်တိုင်အောင် နှစ်စဉ် ကမ္ဘာ့ရေနေ့အခမ်းအနားအား ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပကြရာ ၂၀၂၅ ခုနှစ်သည် (၃၃)ကြိမ်မြောက်ဖြစ်
- ❖ ကမ္ဘာပေါ်တွင် ရေခဲမြစ် စုစုပေါင်း ၁၉၈၀၀၀ မှ ၂၀၀၀၀၀ ကျော်ခန့်အထိ တည်ရှိ၍ ကမ္ဘာ့ရေချိုပမာဏ၏ ၇၀ ရာခိုင်နှုန်းခန့်အား ပိုင်ဆိုင်ပါသည်။ အန္တာတိကတိုက်တွင် ၉၁ ရာခိုင်နှုန်း၊ ဂရင်းလန်းတွင် ၈ ရာခိုင်နှုန်းနှင့် ဟိမဝန္တာတောင်တန်းကဲ့သို့သော ကျန်ကမ္ဘာ့နေရာများတွင် ၁ ရာခိုင်နှုန်းခန့် ပျံ့နှံ့တည်ရှိ
- ❖ မြန်မာနိုင်ငံတွင် မြောက်ဘက်ပိုင်း ကချင်ပြည်နယ် ပူတာအိုဒေသတွင် ရေခဲတောင် ရေခဲမြစ်များတည်ရှိပြီး အဓိက အသက်သွေးကြောမြစ် ဧရာဝတီမြစ်သည် ရေခဲတောင်ဒေသမှ မြစ်ဖျားခံစီးဆင်းပါသည်။ သံလွင်မြစ်နှင့် မဲခေါင်မြစ်များသည်လည်း ဟိမဝန္တာရေခဲတောင်ဒေသတွင် မြစ်ဖျားခံ၍ တရုတ်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း စီးဆင်းကြပါသည်။ ထို့ကြောင့် မြန်မာ့မြောက်ဖျားရေခဲမြစ်တို့သည် မြန်မာပြည်သူတို့၏ အနာဂတ်အတွက် များစွာအရေးပါ

## အုတ်ဖိုတွင် စာဖြေကျောင်းသား ကျောင်းသူများကို အချိုရည်ဘူးများ ဝေငှပေး

အုတ်ဖို မတ် ၁၉

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ စတင်ဖြေဆိုလျက်ရှိရာ ယနေ့နံနက် ၉ နာရီမှစတင်၍ သင်္ချာဘာသာရပ်ကို စာစစ်ဌာန သုံးခု၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

အုတ်ဖိုမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို အထက(အုတ်ဖို) စာစစ်ဌာနတွင် ၃၄၀၊ အထက (အိုးသည်ကုန်း) စာစစ်ဌာနတွင် ၁၁၆ ဦးနှင့် အထက (အေးမြသာယာ) စာစစ်ဌာနတွင် ၆၅ ဦး စုစုပေါင်းဖြေဆိုသူ ၅၂၁ ဦး ရာခိုင်နှုန်းအနေဖြင့် ၉၇ ဒသမ ၀၇ ရာခိုင်နှုန်းဖြေဆိုသည်။

အုတ်ဖိုမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာ စာစစ်ဌာနများ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် စာဖြေဌာနပြင်ပတွင် စာဖြေသူများ၏ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်း၍ ဌာနဆိုင်ရာ အဖွဲ့များသည် သက်ဆိုင်ရာ စာစစ်ဌာနအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိပြီး စာဖြေကျောင်းသား ကျောင်းသူများအား အချိုရည် ၅၄၉ ဘူးကို ဌာနဆိုင်ရာများက ဝေငှပေးခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)



## လပွတ္တာမြို့နယ်၌ မြန်မာ့သနပ်ခါးအလှမယ်ပြိုင်ပွဲကျင်းပ

လပွတ္တာ မတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေနဒီခန်းမ၌ ယမန်နေ့က မြန်မာ့ယဉ်ကျေးမှုလေ့ မြန်မာ့သနပ်ခါး အလှမယ်ပြိုင်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက မြန်မာမှုမြန်မာ့ဟန် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုတွင် မြန်မာသနပ်ခါး၏ အရေးပါပုံနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စီက မြန်မာ့သနပ်ခါးယဉ်ကျေးမှုကို ကမ္ဘာကသိအောင် ဆောင်ရွက်နေမှုများနှင့် မြန်မာ့သနပ်ခါး အသုံးဝင်ပုံအကြောင်း ဟောပြောသည်။ ထို့နောက် ပြိုင်ပွဲဝင်အမျိုးသမီးလေးများက သနပ်ခါးသွေး၍ လိမ်းခြယ်ခြင်း၊ ဝတ်စားဆင်ယင်မှု ကိုယ်နေဟန်ထားနှင့်လမ်းလျှောက်မှုပုံစံများကို ဒိုင်များက အကဲဖြတ် အမှတ်ပေး၍ သနပ်ခါးအလှမယ် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများ ချီးမြှင့်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



### အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့။

စာမျက်နှာ ၁၀ မှ

အာဟာရများ ပျော်ဝင်စီးဆင်းစေခြင်း၊ ရေခဲတောင်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးစေခြင်း စသည့်အကျိုးကျေးဇူးများအားလည်း ဖန်တီးပေးနိုင်ပါသည်။ မြေထုအား ရေခဲမြစ်တို့ဖြင့် ဖုံးလွှမ်းထားသောကြောင့် မပျက်စီးမတူးဖော်ရသေးသည့် ကမ္ဘာ့သယံဇာတများအား ထိန်းသိမ်းစောင့်ရှောက်ပေးကာ သယံဇာတအလွန်အကျွံ ထုတ်ယူမှုကြောင့် ဂေဟစနစ်ပျက်စီးနိုင်မှုအား တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနေကြပါသည်။

အခြားထူးခြားချက်မှာ ရေခဲမြစ်များသည် မှီတင်းနေထိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ ကိုးကွယ်ရာဘာသာရေး ယဉ်ကျေးမှုလေ့ထုံးစံတို့ တည်ရှိမှီခိုရာလည်းဖြစ်ပါသည်။ ရေခဲဒေသ အက်စကီမိုးလူမျိုးတို့၏ ဓလေ့ထုံးတမ်းများ၊ ဟိမဝန္တာတောင်တန်းဒေသ၏ သူတော်စင် ဒဏ္ဍာရီများ၊ တိဗက်ကုန်းပြင်မြင့်၏ စိတ်ဝိညာဉ်ငြိမ်းချမ်းရေးကျင့်စဉ်များသည် ရေခဲမြစ်များနှင့် ထူးခြားစွာ ဆက်စပ်ထောက်ကူလျက်ရှိကြပါသည်။ ဟိန္ဒူနှင့် တိဗက်ဘာသာရေး အယူအဆများတွင် ရေခဲတောင်တို့သည် သူတော်စင်တို့ မှီတင်းနေထိုင်သော မြင့်မြတ်သောနေရာများ ဖြစ်ကြပါသည်။

#### ရေခဲမြစ်များအား ခြိမ်းခြောက်မှုအန္တရာယ်

ရေခဲမြစ်များအား အဓိကခြိမ်းခြောက်လျက်ရှိသော အန္တရာယ်မှာ ကမ္ဘာကြီးပူနွေးလာမှုဖြစ်ပါသည်။ ၁၈ ရာစု စက်မှုလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီးနောက် လေထုအတွင်း ကာဗွန်ထုတ်လွှတ်မှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာပြီး ကမ္ဘာ့အပူချိန် မြင့်တက်လာခဲ့ပါသည်။ ထို့ပြင် သစ်တောများပျက်စီးလာမှု၊ မြို့ပြဧရိယာများချဲ့ထွင်လာမှု၊ လေထုညစ်ညမ်းမှု၊ ရာသီဥတုပြောင်းလဲလာမှုတို့ကြောင့် ကမ္ဘာ့ပူနွေးမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်လာခဲ့ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၄၀ ကထက် ၁ ဒီဂရီဖာရင်ဟိုက်၊ ၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ခန့် ပိုမိုပူနွေးလာကြောင်း သိရှိရပါသည်။

တစ်နှစ်ထက်တစ်နှစ် ပိုမိုပူနွေးလာမှုကို သိသာစေသောအချက်မှာ ၂၀၂၃ ခုနှစ်တွင် စက်မှုတော်လှန်ရေးမတိုင်မီ(၁၈၅၀-၁၉၀၀)ပြည့်နှစ် ပျမ်းမျှအခြေခံအပူချိန်ထက် ၁ ဒသမ ၄၅ ဒီဂရီစင်တီဂရိတ် ပိုပူပြီး ၂၀၂၃ ခုနှစ်အား ကမ္ဘာ့အပူဆုံးနှစ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၄ ခုနှစ်တွင်လည်း ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ဖြင့် ၂၀၂၃ ခုနှစ်၏ စံချိန်ကိုချိုး၍ ၂၀၂၄ ခုနှစ်သည် ကမ္ဘာ့အပူဆုံးနှစ်ဖြစ်လာခဲ့ပြန်ပါသည်။

ကမ္ဘာ့အပူချိန်ကြောင့် ရေခဲမြစ်များ၏ အရည်ပျော်နှုန်းမှာလည်း ပိုမိုများပြားလာခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်းတွင် ကမ္ဘာ့ရေခဲမြစ်အရည်ပျော်နှုန်းမှာ ၂၆၇ Gigaton/year ဖြစ်ပါသည်။ ဂရင်းလန်းရေခဲပြင်များသည် ၂၀၀၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက လေးဆခန့် မြန်ဆန်စွာ အရည်ပျော်ကျလျက်ရှိသည်။ အာဖရိကတိုက်ရှိ ကီလီမန်ဂျာရိ ရေခဲတောင်သည် ၁၉၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၀ ရာခိုင်နှုန်း ပျောက်ကွယ်ခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာကြီးပူနွေးမှုအား ထိပ်မဲ့လျှော့ချနိုင်ခြင်းမရှိပါက ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာ့လက်ရှိရေခဲမြစ်များ၏ သုံးပုံတစ်ပုံမှ အရည်ပျော်ကျသွားလိမ့်မည်ဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်တွင် အာတိတ်ဒေသ၏ နွေရာသီများတွင် ရေခဲများ တွေ့ရှိရတော့မည်မဟုတ်ပါဟု ဆိုကြပါသည်။

တတိယဝင်ရိုးစွန်းဟု လူသိများသည့် ဟိမဝန္တာရေခဲတောင်ဒေသသည် ကမ္ဘာ့ပျမ်းမျှအပူချိန်ထက် သုံးဆခန့် ပိုမိုပူနွေးကာ ရေခဲမြစ်များ မြန်ဆန်စွာ အရည်ပျော်နေကြောင်း သိရှိရပါသည်။ The International Center for Integrated Mountain Development (ICIMOD) မှ အချက်အလက်များအရ ဟိမဝန္တာရေခဲမြစ်တို့သည် ၂၁၀၀ ပြည့်နှစ်တွင် ၈၀ ရာခိုင်နှုန်းအထိ ပျောက်ကွယ်သွားနိုင်ကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ ရေခဲမြစ်များ အရည်ပျော်ကျပါက ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် သိသာစွာ မြင့်တက်လာပြီး ကမ္ဘာ့အစိတ်အပိုင်းအများစုသည် ပင်လယ်ရေမျက်နှာပြင်အောက် ထာဝရနစ်မြုပ်သွားမည်ဖြစ်သည်။ ကမ္ဘာ့ရေခဲထုအား တိကျစွာတိုင်းတာနိုင်ရန် ခက်ခဲသော်လည်း ကမ္ဘာ့ရေခဲထုအားလုံး အရည်ပျော်ပါက ပင်လယ်ရေမျက်နှာပြင်သည် ၁၉၅ ပေမှ ၂၃၀ ပေခန့်အထိ မြင့်တက်လာနိုင်သည်ဖြစ်ရာ မီယာမီ၊ ရှန်ဟိုင်း၊ အမ်စတာဒမ်၊ ဗင်းနစ် စသည့်မြို့ကြီးများနှင့် ကမ္ဘာ့ကမ်းရိုးတန်းဒေသများသည်ရှေးဟောင်းရေအောက်မြို့တော်များကဲ့သို့ ရေအောက်နစ်မြုပ်သွားမည်ဖြစ်ပါသည်။

ထို့ပြင် ရေခဲမြစ် လျင်မြန်စွာ အရည်ပျော်ကျမှုကြောင့် သာမန်ထက်ရေပိုစီးဆင်းကာ မြစ်ဝှမ်းဒေသများတွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ မြေပြိုမှုများ တွေ့ကြုံခံစားရမည် ဖြစ်ပါသည်။ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများ၏ ရေခဲတောင်ဒေသ ရေကြီးမှုများသည် ရေခဲမြစ် အရည်ပျော်မှုကြောင့် ပိုမိုပြင်းထန်လာပါသည်။ အဆိုးရွားဆုံးဖြစ်လာမည့် အခက်အခဲမှာ ရေချိုအရင်းအမြစ်များ ပျောက်ဆုံးသွားခြင်းဖြစ်ပါသည်။ ဟိမဝန္တာရေခဲတောင်များ အရည်ပျော်ပြီး တောင်ကတုံးများ ဖြစ်ပေါ်လာပါက ထိုရေခဲတောင်ဒေသရှိသန်းပေါင်းများစွာ ထိတ်လန့်ဖွယ်ဖြစ်ပြီး အောက်ဘက်မြစ်ဝှမ်းဒေသများတွင်လည်း ဆိုးရွားစွာ ရေပြတ်လပ်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ သစ်တောပြုန်းတီးမှုကို ပြန်လည်စိုက်ပျိုး၍ ရသော်လည်း၊ မြစ်ချောင်းတိမ်ကောမှုကိုပြန်တူးဖော်၍ရသော်လည်း အရည်ပျော်ကျသွားသော ရေခဲမြစ်ကို မည်သို့ပြန်လည်ရေဖြည့်တင်းနိုင်ပါအံ့နည်း။ မဖြစ်ခင်က ကြိုတင်ကာကွယ်ရန် တစ်နည်းသာ ရှိပါသည်။

#### ရေခဲမြစ်များထိန်းသိမ်းကြပါစို့

လေ့လာမှုစာတမ်းတစ်ခုတွင် ခါကာဘိုရာဇီ ရေခဲတောင်တန်းဒေသရှိ ရေခဲမြစ် ၁၃၁ ခု အား လေ့လာချက်အရ ၁၉၇၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ရေခဲဖုံးလွှမ်းမှုဧရိယာ ၅၄ ရာခိုင်နှုန်းကျော် ပျောက်ဆုံးပြီး ရေခဲထုထည်အားဖြင့် ၆၀ ရာခိုင်နှုန်း ပျောက်ကွယ်သွားခဲ့ကြောင်း သိရှိရပါသည်။ ထိုပျောက်ကွယ်မှုနှုန်းသည် လာမည့်နှစ် ၄၀ မှ ၅၀ အတွင်း မြန်မာ့ရေခဲမြစ်များ၏ အနာဂတ်သည် အဆိုးဆုံးအခြေအနေအား ရင်ဆိုင်ရနိုင်ကြောင်း မီးမောင်းထိုးပြလျက် ရှိပါသည်။

ကမ္ဘာ့ဂေဟစနစ် အချက်အချာနေရာ (Global Biodiversity Hotspots) ၂၅ ခု ဇရိယာအတွင်း ကျရောက်သော ပူတာအိုရေခဲတောင်ဒေသသည် ဇီဝမျိုးစိတ်များအတွက် အဓိကအရေးပါသော ဂေဟစနစ်နယ်မြေတစ်ခု ဖြစ်ပါသည်။ ရေခဲတောင်ဒေသ ရှားပါးတောရိုင်းတိရစ္ဆာန်များဖြစ်သည့် သားမင်း၊ ကတိုးဂျီ(ချေ)၊ အင်းကျား၊ ရေခဲတောင်ဆိတ်၊ ဟိမဝန္တာဝက်ဝံ၊ ပန်ဒါနီ၊ မျက်ခုံးဖြူမျောက်လွှဲကျော်၊ ရေခဲငါးများကို တွေ့ရှိရပြီး ရေခဲတောင်ဂျင်ဆင်း၊ ရှီးပတီး၊ မချစ်ဥ၊ ခန်းတောက်မြစ် စသည့် ဆေးဖက်ဝင်အပင်များ ပေါက်ရောက်ရာဒေသဖြစ်ပါသည်။ ရေခဲမြစ်တို့သည် ကမ္ဘာ့မြေဧရိယာ၏ ၁၀ ရာခိုင်နှုန်းခန့်အား ဖုံးလွှမ်းထားသည် ဆိုသော်လည်း အများစုမှာ ဝင်ရိုးစွန်းဒေသများ ဖြစ်ကြပါသည်။ ကမ္ဘာ့ပေါ်တွင် နိုင်ငံ ၅၀ ခန့်သာ ရေခဲမြစ်များအား ပိုင်ဆိုင်ကြခြင်းဖြစ်ရာ မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပိုင်ဆိုင်မှုလည်း ဖြစ်ပါသည်။

မြန်မာ့ရေခဲမြစ်များကို စနစ်တကျ မှတ်တမ်းတင်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ဒေသခံပြည်သူများအား ကာကွယ်ထိန်းသိမ်းမှုအသိပညာမျှဝေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများ၊ ရေခဲတောင်ဒေသနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်၍ နည်းပညာအတွေ့အကြုံ ဖလှယ်ခြင်းတို့ဖြင့် ထိန်းသိမ်းကာကွယ်ရမည် ဖြစ်ပါသည်။ ရေခဲမြစ်ထိန်းသိမ်းကာကွယ်ခြင်းအတွက် ပေါ်လစီများ၊ ဥပဒေနည်းဥပဒေများ၊ ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ပါက ပို၍စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့အပူချိန်အား လျှော့ချရန်ဆိုသည်မှာ တစ်ကမ္ဘာလုံး ပူးပေါင်းဆောင်ရွက်ရမည့် ဖြစ်စဉ်တစ်ခုဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

အချုပ်အားဖြင့် ကမ္ဘာ့ရေချိုဘဏ်တိုက်များဖြစ်သော ရေခဲမြစ်များသည် များစွာသတိမထားမိချိန်များအတွင်း တိတ်ဆိတ်လျင်မြန်စွာ ပျောက်ကွယ်ခဲ့ပြီဖြစ်ပါသည်။ ရေချိုရရှိမှုသည် လူသားတိုင်း၏ အခွင့်အရေးဟုဆိုပါက ရေအရင်းအမြစ်ဖြစ်သော ရေခဲမြစ်များ ထိန်းသိမ်းရေးသည်လည်း လူသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် **"ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့"** ဟု ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေနေ့အား ကဗျာတစ်ပုဒ်ဖြင့် နှုတ်ဆက်ဂုဏ်ပြုပါသည်။

**"ရေခဲမြစ်တွေ အရည်ပျော်သောအခါ"**

- ပူပြင်းတဲ့ကာလတွေအောက်
  ရေခဲမြစ်တွေ တစ်စတစ်စ ပျောက်လို့လာ...။
- ပင်လယ်ကြီးက စိတ်ဆိုးပြီး
  မြစ်ရိုးက လှိုင်းတွေထန်...။
- ဟိမဝန္တာရေခဲမြစ်တွေ အရည်ပျော်ကျတဲ့အခါ
  အာရှဟာ ရေတွေ ဘယ်မှာရှာရပါ့မလဲ...။
- ရေခဲမြစ်ပျော် သက်ရှိလေးများ
  ဘယ်မြစ်ကမ်းပါးမှာ နေနားကြရပါ့မလဲ...။
- ဧရာဝတီကရော
  နွေရာသီမှာ ဘယ်လိုငိုညည်းလေလိမ့်မလဲ...။
- (တကယ့်ကို)
  အချိန်မီလေးသာမို့
  မြေကမ္ဘာသာယာပြီး ဧရာဝတီကျန်းမာဖို့
  မျိုးဆက်သစ်တွေ တိုးတက်ရစ်စေဖို့
  ရေခဲမြစ်တွေ စတင်ထိန်းသိမ်းကြပါစို့ . . . ။

ရည်ညွှန်း -
www.unwater.org, www.icimod.org, www.un-glaciers.org/en, https://wgms.ch/ https://www.monrec.gov.mm/,www.un.org/en/observances/water-day
Taft, L.; Kühle, L. Glacier Changes between 1976 and 2015 in the Source Area of the Ayeyarwady(Irrawaddy) River, Myanmar. Water 2018, 10, 1850. https://doi.org/10.3390/w10121850

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု၊ တိပိဋက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ယောဆရာတော်ကြီး၏ သက်တော် (၈၂) နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ထေရဝါဒ ဓမ္မရောင်ခြည်စာသင်တိုက် မင်္ဂလာဒုံမြို့နယ် ရွှေဥမင် ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက် ကလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ကလေးမြို့ တိပိဋကတောင်ဖီလာတောရစာသင်တိုက်တို့၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု၊ တိပိဋက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ယောဆရာတော်ကြီး၏ သက်တော် (၈၂) နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ်၌ ကျင်းပသည်။

အခမ်းအနားသို့ ယောဆရာတော်ကြီး အမှူးပြုတော်မူသော ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒေွ့ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဒေွ့ပရိသတ်များက မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တဂုဏိကာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီထံမှ ဩဝါဒကထာနာယူကြသည်။

ယင်းနောက် အဓိပတိ မဟာနာယက ဆရာတော်ကြီးများနှင့် ဆရာတော်အသီးသီးတို့ ချီးကျူးဂုဏ်ပြုခဲ့သော တိပိဋက ယောဆရာတော်ကြီး၏ "တိပိဋက ယောထေရ ဘဝဓမ္မ ဂုဏ်ရည်များ" ကို တိုက်အုပ်ဘုန်းကြီး အရှင်သိရိကဋ္ဌနာဘိဝံသက ဖတ်ကြားပူဇော်သည်။

ထို့နောက် ဆရာတော်ကြီးများနှင့် ပင့်သံဃာ



ဆရာတော်များအား ဒေွ့ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ယောဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။

**သတင်းစဉ်**

# တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ အသက်မပြည့် စစ်သည် ၉၃ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါ စစ်သည်များအား ၎င်းတို့၏ မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။



အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရေးချုပ်ရုံး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် ရဲရင့်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNRCO၊ UNICEF၊ UNHCR၊ ILO တို့မှ တာဝန်ရှိသူများ၊ ပြန်လည်နုတ်ထွက်ခွင့်ရ အသက်မပြည့် စစ်သည် ၉၃ ဦးနှင့် ၎င်းတို့၏ မိဘများ၊ အုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ကိုယ်စား ဗိုလ်မှူးချုပ် ရဲရင့်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် ၁၀ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသား စိစစ်ရေးကတ်များကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ပြီး ကလေးများအား မိဘ သို့မဟုတ် အုပ်ထိန်းသူတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနား အပြီးတွင် ကလေးများနှင့် မိဘများကို မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလ ပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်မှ ပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှု ရှိ/မရှိ စစ်ဆေး၍ လိုအပ်က ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပ ပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသော အလုပ်အကိုင်ရရှိနိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများ သင်ယူရန်ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများ ဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ် စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားများကို ရန်ကုန်မြို့ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနှင့် မြဝတီစာပေတိုက်ခန်းမတို့၌ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အခမ်းအနားဖြင့် ၁၈ ကြိမ်၊ တပ်မတော်အစီအစဉ်ဖြင့် ၄ ကြိမ် ပေါင်း ၂၂ ကြိမ်ရှိခဲ့ရာ စုစုပေါင်း ၁၁၅၀ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ၁၈ လတာ လုပ်ငန်းစီမံချက်ကို UNCTFMR နှင့် လက်မှတ်ရေးထိုး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက် သက်တမ်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ် ၆ လ၊ ၂၀၁၄ ခုနှစ် ဇွန် ၂၈ ရက်တွင် ဒုတိယအကြိမ် ၆ လ သက်တမ်းတိုးမြှင့် လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ် စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝ စုဆောင်းခြင်း မပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများ ရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက် ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ရွှေခိုင်ဇော် မင်္ဂလာဆိုင်းဖြင့် တွဲဖက်၍ မြိုင်မြိုင်ဆိုင်ဆိုင် ဒေွ့ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါ အငြိမ့်သဘင်၊ တေးဂီတဖျော်ဖြေပွဲကြီးကို မတ် ၁၈ ရက်နှင့် ၁၉ ရက်များတွင် ည ၈ နာရီမှစတင်ပြီး နှစ်ညတိုင်တိုင် အခမဲ့ဒေွ့ခံဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း၊ ဖျော်ဖြေပွဲပထမညတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး၊ အပန်းဖြေ လာရောက်ကြသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း လူဦးရေ ၁၁ဝ၈၃ ဦးက တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးပြီး အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးအေးကိုက ပြောသည်။

ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့ထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားပြည်သူများ ညအိပ်တည်းခိုနားနေနိုင်စေရန် တည်းခိုဆောင်အခန်းပေါင်း ၄၈၄ ခန်းနှင့် ဈေးဆိုင်ခန်းပေါင်း ၄၂၀ ဆိုင် ဆောက်လုပ်ပေးထားပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွား လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI အဖွဲ့မှ Senior Country Manager Mr. Dirk Gehl နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၉

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် GAVI အဖွဲ့မှ Senior Country Manager ဖြစ်သူ Mr. Dirk Ghel နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။**



တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်း ကလေးငယ်များအား ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကာကွယ်ဆေးလွှမ်းခြုံမှုရာခိုင်နှုန်း ၇၅ ရာခိုင်နှုန်းကျော် အောင်မြင်မှုရရှိခဲ့ပြီး ကူးစက်ရောဂါများ ကပ်ရောဂါအသွင်ဖြစ်ပွားမှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ ဝေးလံခက်ခဲသောဒေသများရှိ ကလေးငယ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးမရရှိသည့် ကလေးငယ်များအား အမှီလိုက်ကာကွယ်ဆေးထိုးလုပ်ငန်း၊ ထပ်ဆောင်းကာကွယ်ဆေးထိုးလုပ်ငန်းနှင့် တုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်း အစရှိသည်တို့ဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ လျှပ်စစ်မီးအခက်အခဲရှိသည့် နေရာဒေသများတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် GAVI အဖွဲ့မှ နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာများနှင့် ကာကွယ်ဆေးသယ် အအေးခန်းယာဉ်များ အထောက်အပံ့ပေးမည့်အခြေအနေ၊ အမျိုးသားကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး မဟာဗျူဟာ (၂၀၂၆-၂၀၃၀) အရ ဝန်ကြီးဌာနနှင့် GAVI, WHO, UNICEF အဖွဲ့တို့ ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ WHO ရုံးနှင့် UNICEF ရုံးများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၈၀ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၆ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်

နေပြည်တော် မတ် ၁၉

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။



ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့ - မယ်ထော်သလေး နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသားဦးရေ ၃၈၀ ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့် လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်း ပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော် နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်း ပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၊ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တဲ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၅၆ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၃၆၃ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၅၇၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၉၂ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အားရစရာမရှိသေးပေ။ မြန်မာ ယူ-၂၂ အသင်း၏ပွဲထွက်လူစာရင်းတွင် ဟိန်းထက်စိုး (ဂိုး)၊ မြတ်ဘုန်းခန့်၊ ဝေယံလင်းသူ၊ မာတီနို၊ ဝိုင်းလု၊ အာကာကျော်၊ မိုးဆွေ၊ စခန့်ချော၊ ရဲရင့်ဖြိုး၊ စောမျိုးဇော်၊ သန်းတိုးအောင်တို့ ပါဝင်ခဲ့ပြီး ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းမှ ကစားသမားအချို့ ပြန်ပါလာသော်လည်း ခြေစွမ်းမှာ အားရစရာမရှိခဲ့ပေ။ မြန်မာအသင်းအနေဖြင့် အသင်းလိုက်ကစားပုံ အချိတ်အဆက်လွဲချော်နေသည့်အပြင် တစ်ဦးချင်းထိုးဖောက်မှု များမှာလည်း ထိရောက်မှုမရှိသဖြင့် ပထမပိုင်းတွင် ဟောင်ကောင်အသင်းကပင် ဂိုးရနိုင်သည့်အခွင့်အရေး ပိုမိုရရှိခဲ့သည်။

ဘားတန်းထိထွက်မှု တစ်ကြိမ် အပါအဝင် ဂိုးသွင်းခွင့်အချို့ အသုံးမချနိုင်သဖြင့် ဟောင်ကောင်အသင်း ဂိုးမရခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ ပြောင်းလဲပြီး တိုက်စစ်မြင့်သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် ဂိုးမရှိ သရေ ရလဒ်ဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် ဟောင်ကောင် ယူ-၂၂ အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို မတ် ၂၂ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပမည်ဖြစ်ပြီး Training Match ကစားမည် ဖြစ်သောကြောင့် ပရိသတ်မပါဘဲ ကွင်းပိတ်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

# “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ” ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၉**

နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏ အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအားသိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများ ရရှိစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၅အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ မတ် ၂၁ ရက် (သောကြာနေ့)၊ နံနက် ၈ နာရီ မိနစ် ၃၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) MICC(I)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MRTV Parliament၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD – HD Channel ၊ MWD Variety –HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသည့် ပတ္တမြား၊ ချယ်ရီ၊ ပဥ္စဝတီ၊ မန္တလေး၊ ရွှေ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်သည့် Star နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**သတင်းစဉ်**

# အာကာသတွင် သောင်တင်နေသည့် နာဆာအာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ

**လော့စ်အိန်ဂျလိစ် မတ် ၁၉**

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းတွင် ပြီးခဲ့သည့် နှစ်ဖွန်လကတည်းက သောင်တင်နေသော နာဆာ အာကာသယာဉ်မှူး နှစ်ဦးဖြစ်သည့် ဆူနီဝီလီယံနှင့် ဘတ်ချ်ဝေလ်မိုးတို့နှစ်ဦးမှာ မတ် ၁၈ ရက် မွန်းလွဲပိုင်းက ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာပြီဟု သိရသည်။

အဆိုပါ အာကာသယာဉ်မှူးနှစ်ဦးသည် Crew-9 မှ အာကာသယာဉ်မှူးများဖြစ်သည့် နစ်ဟိတ်ခ်နှင့် အလက်ဇန္ဒြားဂိုဗန်နော့တို့နှင့်အတူ SpaceX၏ ဒရက်ဂွန်အာကာသယာဉ်ဖြင့် ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။ အာကာသယာဉ်သည်မတ် ၁၈ ရက်က ဒေသစံတော်ချိန် ညနေ ၅ နာရီ ၅၇ မိနစ်တွင် ဖလော်ရီဒါကမ်းရိုးတန်းသို့ ဆင်းသက်ခဲ့ကြောင်း နာဆာ၏တိုက်ရိုက်ထုတ်လွှင့်မှုအရ သိရသည်။

အာကာသယာဉ်မှူးများသည် မတ် ၁၈ ရက် အစောပိုင်းက အပြည်ပြည်ဆိုင်ရာအာကာသစခန်းမှ ထွက်ခွာလာပြီး ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိရန် ၁၇ နာရီခန့်ကြာ ခရီးနှင်ခဲ့ရသည်။ ဟီလီယံယိုစိမ့်မှုနှင့် တွန်းကန်မှုဆိုင်ရာပြဿနာများအပါအဝင် ဘိုအင်း၏ စတားလိုင်းနာ အာကာသယာဉ်၏နည်းပညာပိုင်းဆိုင်ရာပြဿနာများကြောင့် ဆူနီဝီလီယံနှင့် ဘတ်ချ် ဝေလ်မိုးတို့နှစ်ဦးသည် ပြီးခဲ့သည့်နှစ် ဇွန်လကတည်းက အာကာသတွင် သောင်တင်နေခြင်းဖြစ်သည်။

အာကာသယာဉ်မှူး နှစ်ဦးမှာ ကနဦးတွင် အာကာသထဲ၌ ရှစ်ရက်ကြာနေထိုင်ရန် စီစဉ်ထားခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာအာကာသစခန်းတွင် ကိုးလကျော်ကြာ သောင်တင်နေခဲ့ခြင်း ဖြစ်သည်။

Crew-9 မှ အာကာသယာဉ်မှူးများသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်ရှိ ဓာတ်ခွဲခန်းအတွင်းနေထိုင်စဉ် နာရီပေါင်း ၉၀၀ကျော်ကြာ သုတေသနပြုလုပ်ခဲ့ပြီးသိပ္ပံနည်းကျ စမ်းသပ်မှုပေါင်းနှင့် သရုပ်ပြမှု ပေါင်း ၅၀ ကျော်ပြုလုပ်ခဲ့သည်ဟု နာဆာမှ ပြောကြားခဲ့သည်။

ဆင်ဟွာ


အာကာသယာဉ်မှူးနှစ်ဦး သယ်ဆောင်လာသည့် အာကာသယာဉ်အခန်းငယ် လေထီးအကူအညီဖြင့် ပင်လယ်ပြင်သို့ ဆင်းသက်လာစဉ်။



# ဟူသီအဖွဲ့ ပစ်လွှတ်လိုက်သော ပဲ့ထိန်းဒုံးကျည်တစ်စင်းကို အစ္စရေးက ကြားဖြတ်ပစ်ချ

**ဂျေရုဆလင် မတ် ၁၉**

အစ္စရေးတပ်မတော်သည် ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့က ပစ်လွှတ်လိုက်သော ပဲ့ထိန်းဒုံးကျည်တစ်စင်းကို မတ် ၁၈ ရက်တွင် ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံ တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှု သတိပေးဥဩသံများ မြည်ဟည်းခဲ့ကြောင်း သိရသည်။ ယီမင်နိုင်ငံမှ ပစ်လွှတ်လိုက်သော ဒုံးကျည်တစ်စင်းကို အစ္စရေးပိုင်နက်သို့ မဝင်ရောက်မီ အစ္စရေးလေတပ် (အိုင်အေအက်ဖ်) က ကြားဖြတ်ပစ်ချနိုင်ခဲ့ခြင်း ဖြစ်သည်။

မတ် ၁၈ ရက်နှောင်းပိုင်းတွင် ဟူသီအဖွဲ့က အဆိုပါတိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ ဟူသီအဖွဲ့သည် နီဗာတင်လေတပ်အခြေစိုက်စခန်းကို ပစ်မှတ်ထားကာ အသံထက်မြန်သောဒုံးကျည် ပါလက်စတိုင်း-၂ ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ယာယာဆာရာက ပြောသည်။

မတ် ၁၈ ရက် အစောပိုင်းက အစ္စရေး၏ ဂါဇာတစ်ဝန်း လေကြောင်း တိုက်ခိုက်မှုများ လုပ်ဆောင်မှုကြောင့် လူပေါင်း ၄၀၀ ကျော် သေဆုံးမှုကို ရည်ရွယ်ကာ ဂါဇာကို ရန်လိုတိုက်ခိုက်မှုများ မရပ်တန့်မချင်း ဟူသီအဖွဲ့အနေဖြင့် လာမည့်နာရီများ၊ ရက်များအတွင်း ပစ်ခတ်တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆာရာက ပြောသည်။

ဟားမားစ်တို့အနေဖြင့် ဂါဇာကမ်းမြောင်တွင် ဖမ်းဆီးခံကျန်ရှိနေသော ဓားစာခံများကို ပြန်မလွှတ်ပေးပါက အစ္စရေးဘက်ကလည်း ပစ်ခတ်တိုက်ခိုက်မှုများကို အရှိန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားထားသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် နှစ်စဉ် လူပေါင်း ၁၁၀၀၀ ခန့် အသက်ဆုံးရှုံးမှုဖြစ်ပွား

**မနီလာ မတ် ၁၉**

ဖိလစ်ပိုင် နိုင်ငံတစ်ဝန်းတွင် နှစ်စဉ်နှစ်တိုင်း ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ၁၁၀၀၀ ခန့် အသက်ဆုံးရှုံးမှု ဖြစ်ပွားကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး တော်ဒိုရို ဟာဘိုဆာက မတ် ၁၉ ရက်တွင် ပြောသည်။

ထိခိုက်သေဆုံးသူ အများစုမှာ အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြားရှိ လူငယ်လူရွယ်များ ဖြစ်ကြောင်း ၂၀၂၅ ဖိလစ်ပိုင်လမ်းအန္တရာယ်ကင်းရှင်းရေး အစည်းအဝေးတွင် ဟာဘိုဆာက ပြောသည်။ ကျန်းမာရေးဌာန (ဒီအိုအိတ်ချ်)၏ လေ့လာချက်တစ်ခုကို ကိုးကားကာ ဟာဘိုဆာက ယာဉ်မတော်တဆမှုများမှာ လွန်ခဲ့သည့် ၁၀ နှစ်အတွင်း တစ်နှစ်လျှင် ၂၅ ရာခိုင်နှုန်း တိုးလာကြောင်း ၎င်းက ဆက်ပြောသည်။

သေဆုံးသူ အများစု ၇၀ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းမှာ နှစ်ဘီးတပ်မော်တော်ယာဉ် များကြောင့် ဖြစ်ကြောင်းနှင့် မော်တော်ယာဉ် မောင်းနှင်သည့်အခါ ဦးထုပ်ဆောင်းကြရန် လိုအပ်ကြောင်း ဟာဘိုဆာက အလေးပေး ပြောသည်။

အာဏာပိုင်များ အနေဖြင့်လည်း မော်တော်ဆိုင်ကယ် စီးနင်းသူများ ဦးထုပ်ဆောင်းရန် ပြဋ္ဌာန်းထားသည့် ဒေသန္တရဥပဒေများကို တင်းကျပ်စွာအကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ၎င်းက ပြောသည်။ ဆင်ဟွာ



# မလေးရှား၌ ယမန်နှစ်အတွင်း ရေကြီးမှုကြောင့် ကန်ဒေါ်လာ ၂၁၀ ဒသမ ၅၈ သန်းဆုံးရှုံး

**ကွာလာလမ်ပူ မတ် ၁၉**

မလေးရှားနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ရေကြီးမှုနှင့် ဆက်စပ်၍ အမေရိကန်ဒေါ်လာ ၂၁၀ ဒသမ ၅၈ သန်းခန့် (မလေးရှားရင်းဂစ် ၉၃၃ ဒသမ ၄ သန်း ) ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်ဟု မတ် ၁၉ ရက် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

ရေကြီးမှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးမှုများထဲတွင် လူနေရပ်ကွက်များ၊ မော်တော်ယာဉ်များ၊ လုပ်ငန်းများနှင့် စက်မှုဇုန်များ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးတို့ပါဝင်သည်။ လူနေရပ်ကွက်များ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ မလေးရှား ရင်းဂစ် ၃၇၂ ဒသမ ၂ သန်းရှိပြီး အများပြည်သူပိုင်ပစ္စည်းများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ မလေးရှားရင်းဂစ် ၃၀၃ ဒသမ ၄ သန်းဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ၌ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ရင်းဂစ် ၁၈၅ ဒသမ ၂ သန်းဖြစ်သည်။

မော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးမှုမှာ ရင်းဂစ် ၁၇ ဒသမ ၃ သန်းဖြစ်ပြီး ထုတ်လုပ်မှုကဏ္ဍတွင် ဆုံးရှုံးမှုတန်ဖိုးမှာ ရင်းဂစ် ၁ ဒသမ ၂ သန်း ဖြစ်သည်။ ရေလွှမ်းမိုးမှု ကာကွယ်ရေးကိုတိုးမြှင့်ပေးခြင်း၊ အရင်းအမြစ်ခွဲဝေပေးမှုကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်းတို့သည် ရေရှည်စီပွားရေး ခံနိုင်ရည်ရှိမှုနှင့်တည်ငြိမ်မှုကို အကာအကွယ်ပေးရာတွင် အဓိကသော့ချက်ဖြစ်သည်ဟု မလေးရှားစာရင်းအင်းဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# တောင်အာဖရိကနိုင်ငံ၌ တစ်ရက်အတွင်း သစ်ပင် တစ်သန်း စိုက်ပျိုးမည်

**ဂျိုဟန်နစ္စဘတ် မတ် ၁၉**

တောင်အာဖရိကနိုင်ငံသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်ကို အမျိုးသားသစ်ပင်စိုက်ပျိုးရေးနေ့ အဖြစ် သတ်မှတ်ပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တိုက်ဖျက်ရန် တစ်ရက်အတွင်း သစ်ပင်တစ်သန်း စိုက်ပျိုးသွားရန် ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း တောင်အာဖရိက အကြီးတန်းအရာရှိတစ်ဦးက မတ် ၁၈ ရက်တွင် ပြောသည်။

တောင်အာဖရိကနိုင်ငံ၏ အကြီးမားဆုံးမြို့နှင့် စီးပွားရေးအချက်အချာမြို့ဖြစ်သော ဂျိုဟန်နစ္စဘတ်မြို့တွင်ကျင်းပသည့် ဒုတိယအကြိမ် အာဖရိကမြို့ပြသစ်တောဆိုင်ရာ ဖိုရမ်တွင် သစ်တော၊ ငါးလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ဒုတိယဝန်ကြီး ဘာနိုက်စ်ဆဝတ်စ်က မတ် ၁၈ ရက်တွင် ကြေညာခဲ့သည်။ အဆိုပါဖိုရမ်ကို ဂျိုဟန်နစ္စဘတ်မြို့တော်နှင့် ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) တို့ ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။

တောင်အာဖရိကနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုမှတစ်ဆင့် ကင်ညာနိုင်ငံတစ်ဝန်း သစ်ပင်ပေါင်း၅၁ သန်းကျော်စိုက်ပျိုးကာ နိုဘယ်ငြိမ်းချမ်းရေးဆုရရှိခဲ့သော ဝန်ဂါရီ မာသာရီထံမှ ထိုကဲ့သို့လုပ်ဆောင်ရန်စိတ်ကူးစိတ်သန်းများကိုရရှိခဲ့ကြောင်း၎င်းက ရှင်းပြခဲ့သည်။ ဆင်ဟွာ

# လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေး ရည်ရွယ်လျက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများနှင့် သတင်းအချက်အလက်များ ဖြန့်ချီခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအတွက် ရေး့လုပ်ငန်းစဉ်မူဘောင်အရ နှစ်စဉ်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဝန်ထမ်းများနှင့် ကြက်ခြေနီ စေတနာ့ လုပ်အားရှင်များ လူ့အခွင့်အရေးအသိပညာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။



အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွှန့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဝန်ထမ်းများနှင့် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ စုစုပေါင်း ၁၅၀ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌက လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေးအခြေခံ အယူအဆအကြောင်းနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများအကြောင်းတို့ကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကြက်ခြေနီလုပ်ငန်းနှင့် လူ့အခွင့်အရေးဆက်နွှယ်မှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ကျိုက်မရောဗဟိုအကျဉ်းထောင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် တာဝန်ရှိသူများသည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိကျိုက်မရောဗဟိုအကျဉ်းထောင်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အကျဉ်းသား အကျဉ်းသူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ ထောင်ဝင်စာ တွေ့ဆုံသည့်နေရာ၊ အခြေခံအရေး၊ အဖတ်သင်တန်းပို့ချသည့်နေရာ၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်များ၊ သုံးရေအတွက် မြစ်ရေမှ ရေစုကန်၊ ၎င်းမှ တစ်ဆင့် ရေစစ်ကန်သို့ ရေဖြန့်ဝေပေးသည့်နေရာ၊ သုံးရေ၊ ချိုးရေကန်များနှင့် အတွင်း၊ အပြင် မိလ္လာများ စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူ စုစုပေါင်း ၃၁ ဦးကို သီးခြားတွေ့ဆုံပြီး ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်သည်။ ထို့နောက် ထောင်ဝင်စာ လာရောက်တွေ့ဆုံသော မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံကာ ၎င်းတို့တွင် အခက်အခဲ ရှိမရှိမေးမြန်း၍ ညှိနှိုင်းဆောင်ရွက်သည်။

ယင်းနောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူ တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ကျွေးမွေးမှု၊ အကျဉ်းထောင်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အကျဉ်းသား၏ ရောဂါအခြေအနေပေါ် မူတည်၍ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု၊ သန့်ရှင်းသော သောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေလုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှု၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေ၊ စာမတတ်သူ အကျဉ်းသား အကျဉ်းသူများကို အခြေခံ အရေး၊ အဖတ် သင်ကြားပေးနေမှု၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှု၊ အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင် ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ တို့ကို မေးမြန်းခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းသည်။ အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် ၂၈ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၀၊ လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၇၃၆၄၆၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Hino Truck တစ်စီး၊ Nissan Diesel Tractor Head ခုနစ်စီး၊ Chenglong Tractor Head ခြောက်စီး၊ Mitsubishi Fuso Tractor Head သုံးစီး၊ Howo Sinotruk Tractor Head နှစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Man Tractor Head တစ်စီး၊ Hino Tractor Head တစ်စီး၊ Samsung Tractor Head တစ်စီး၊ Scania Tractor Head တစ်စီး၊ Hyundai Tractor Head တစ်စီး၊ Young Man Tractor Head တစ်စီး၊ Foton Auman Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၂၇ တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၂၃၆၄၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့ အထွက် လေးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၂၉၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Delivery Van တစ်စီး၊ Toyota Alphard တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖေဝင်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၂၉၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် ကန်းရင်ကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁၇ ဒသမ ၁၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၁၆၈၁၆)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Surf မော်တော်ယာဉ် တစ်စီး၊ Hino Truck မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၂၉၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၀၁၆၈၁၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၅၂၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၀၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Volvo Bus တစ်စီး၊ Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၂၇၅၃၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ ၁၀ ဒသမ ၃၉၃ တန်၊ အခြားသစ် ၄၃ ဒသမ ၀၅၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၂၃၈၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ The Myanmar Terminal ဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၆၄၂၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၉၈၀၁၆) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်နိုင်ငံ ကူမင်းမြို့မှ မြန်မာနိုင်ငံသို့ လေယာဉ်ခရီးစဉ်အမှတ် MU-9641/SF-2560 ဖြင့် လိုက်ပါလာသော တရုတ်နိုင်ငံသားခရီးသည် နှစ်ဦး၏ ဝန်စည်များအတွင်းမှ လုပ်ငန်းသုံး ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၂၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၄၆၀၀၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၉၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၉၂၁၆,၉၁၆) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် အိမ်ခြေ ၁၈ လုံး မီးလောင်ပျက်စီးသွားကြောင်း သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာ၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘန့်ဘွေးမြောက် ကျေးရွာနှင့် ထန်းဇင်ကျေးရွာများရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် အိမ်ခြေ ၁၈ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် သတင်းအတု သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါ သတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများသည် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ချေမှုန်းမှုများကြောင့် အကျအဆုံးများပြားလာသဖြင့် ကျေးရွာများ အတွင်း ဝင်ရောက်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေး ကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်းမရှိသည့် ကျေးရွာများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက် မီဒီယာများသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Min Yoongine" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ချမ်းသာရပ်ကွက်နေ နေခြည်နွေးအား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မကွေးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ပဲကြီး တစ်ကေလျှင် ၁၂တင်း ခန့်ထွက်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲကြီးသီးနှံကို ယခင်က လယ်ကန်သင်းရိုးနှင့် မြောင်းဘောင်များတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် ယာမြေနှင့် လယ်မြေများတွင် စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ဧက ၁၂၅၀ ခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရပြီး ယခုအချိန်တွင် ပဲကြီးသီးနှံများ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ပဲကြီးသီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ခူးဆွတ်ရိတ်သိမ်းလျက်ရှိကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀ ခန့် ကုန်ကျပြီး ပဲကြီးသီးနှံကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း၊ တစ်ကြိမ်လျှင် တစ်တင်းမှ တစ်တင်းခွဲအထိ ခူးဆွတ်ရပြီး တစ်ကေလျှင် ၁၂တင်း ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကာ တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိကြောင်း ပဲကြီးစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**



## မိသားစုအပိုဝင်ငွေရရှိရန်အတွက် ခွေးတောက်ပင် စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် ခွေးတောက်ပင်များကို စိုက်ပျိုးလာကြကြောင်း၊ ယခင်က သဘာဝအလျောက်ပေါက်သော ပင်ကြီးခွေးတောက်ရွက်ကို ခူးယူ၍ ရောင်းချကြပြီး ယခုအခါတွင် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး အချိန်မရွေးစားသုံးနိုင်သော ပင်သေး (ထွက်တိုး)ခွေးတောက်ပင်များကို လယ်ယာမြေများတွင် စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

ပင်သေးခွေးတောက်ပင်ကို စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင် ၄၅ ရက်သားအရွယ်တွင် ဘောင်ခတ်စနစ်ဖြင့် မြေချစိုက်ပျိုးရကြောင်း၊ တစ်ကေလျှင် ခွေးတောက်မျိုးစေ့ တစ်ပြည်ခန့် ကုန်ကျစိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ ခွေးတောက်ရွက်များကို ၇-၁၀ ရက်ခြားတစ်ကြိမ် ခူးဆွတ်နိုင်၍ တစ်ကြိမ်ခူးဆွတ်လျှင် ပိဿာချိန် ၈၀ ခန့်ရရှိပြီး တစ်ကေအတွက် တစ်လလျှင် ပိဿာချိန် ၂၄၀ ခန့်ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ရန်ကုန်-မန္တလေးမြို့တို့ရှိ ဈေးများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ခွေးတောက်ပင်သည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် အပင်ဖြစ်ထွန်းအောင်မြင်မှုနှင့် ဂရုစိုက်ပြုစုမှုကောင်းမွန်ပါက တစ်နှစ်ပတ်လုံး အထွက်နှုန်းကောင်းမွန်ပြီး အကျိုးအမြတ်များရရှိကြောင်း သိရသည်။

**DOCA(မန္တလေး)**

## ကျောက်ဆည်ခရိုင်၌ မြေပဲ(ဆောင်း)သီးနှံ တစ်ဧက ၄၅ တင်းခန့် ထွက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မြေပဲသီးနှံကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ ခရိုင်အတွင်း မြေပဲ(ဆောင်း)သီးနှံစိုက်ပျိုးမှုအနေဖြင့် ၁၁၅၇ ဧက စိုက်ပျိုးထားရှိပြီး ၂၁၃ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မြေပဲ(ဆောင်း)သီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် တူးဖော်ရကြောင်း၊ စိုက်ပျိုးရာတွင် ပင်ထောင်မြေပဲမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၅၃၀၀၀၀ ကုန်ကျကြောင်း၊ တစ်ကေလျှင် ၄၅ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများနှင့် ဒေသတွင်းဆီစက်လုပ်ငန်းရှင်များက ကျေးရွာများသို့ လာရောက်ဝယ်ယူ၍ အရောင်းအဝယ် ဖြစ်လျက်ရှိသည့်အပြင် တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း၊ မြေပဲစိုက်ပျိုးခြင်းသည် စားသုံးဆီဖူလုံသည့်အပြင် ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။



**DOCA (မန္တလေး)**



## ကျောက်ဆည်မြို့နယ်၌ ပဲတီစိမ်း(ဆောင်း)သီးနှံ ရိတ်သိမ်းမှုနှင့် ဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ပဲတီစိမ်းသီးနှံကို ကျောက်ဆည်မြို့နယ်တွင် ဧက ၂၄၈၀ စိုက်ပျိုးခဲ့ပြီး ၈၉၅ ဧကရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲတီစိမ်း(ဆောင်း)သီးနှံကို အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ယခုအချိန်တွင် ပဲတီစိမ်းများ ရိတ်သိမ်းလျက်ရှိကြောင်း၊ မျိုးအနေဖြင့် ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ်သုံးသိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ၁၂-၁၃ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပဲစိုက်တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များရရှိကြောင်း ပဲတီစိမ်းစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**DOCA (မန္တလေး)**

## ၁၉-၃-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၉၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၂၀၀ | ၂၂၀၀၀ | - | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၇၈၅၀ | ၁၆၅၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၄၅၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၂၉၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၆၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၄၅၀ | ၂၀၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၁၉၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၅၅၀၀ | ၁၆၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၅၀ | ၁၀၀၀၀ | ၇၈၀၀ | ၁၂၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၄၅၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၁၅၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၆၅၀ | ၉၅၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၀၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၇၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၀၁၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၉၀၀ | ၉၅၀၀ | ၈၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၇၈၀၀ | ၁၁၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၆၀၀ | ၁၂၅၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၅၉၀ | ၁၆၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၅၈၀၀ | ၁၀၀၀၀ | ၃၆၀၀ | ၇၀၀ | ၉၀၀၀ | ၅၈၀၀ | ၇၇၀၀ | ၄၅၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၄၀၀၀ | ၁၃၆၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၉၀ | ၁၆၂၀၀ | ၂၆၀၀ | ၁၃၄၀၀ | ၁၆၂၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၇၀၀ | ၉၂၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၁၉၅၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၄၀၀၀ | ၁၄၀၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |



## တောင်ကြီးမြို့၌ နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်၊ ကိုရီးယား၊ ပန်းချီ၊ စစ်တုရင်သင်တန်းများဖွင့်

**တောင်ကြီး မတ် ၁၉**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီအခြေခံ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်၊ ကိုရီးယား၊ ပန်းချီ၊ စစ်တုရင် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က နွေရာသီသင်တန်းများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းသန္တာဦးက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက နွေရာသီအခြေခံသင်တန်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ သင်တန်းများကို တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၁၈၀ ကျော် တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော



**ကန်ကြီးထောင့် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက Fire Hotspot ဖြစ်စေသည့် အကြောင်းရင်းများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို မတ် ၁၇ ရက်က ကန်ကြီးထောင့်မြို့နယ် လျှော်ကုန်းကျေးရွာ အလက(လျှော်ကုန်း) ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က Fire Hotspot ဖြစ်ပေါ်မှု အခြေအနေနှင့် မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာ၊ ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေးခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ညောင်ရွှေမြို့၌ နွေရာသီသင်တန်းများ ဖွင့်လှစ်

**ညောင်ရွှေ မတ် ၁၉**

ညောင်ရွှေမြို့၌ ၂၀၂၅ ခုနှစ် နွေရာသီ ကျောင်းပိတ်ရက်များတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ နွေရာသီအခြေခံ အင်္ဂလိပ်သင်တန်း၊ အခြေခံ ဂီတာတီးသင်တန်းနှင့် အခြေခံပန်းချီ သင်တန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၌ ဘောလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ စားပွဲတင်တင်းနစ်နှင့် အေရိုးဗစ်သင်တန်းများကိုလည်းကောင်း၊ ရွှေတောင်ဦးစုမ္မိမိန်း ဓမ္မစေတီတော်၌ ယဉ်ကျေးလိမ္မာနှင့် အခြေခံ ဗုဒ္ဓဝင် သင်တန်းများကို လည်းကောင်း ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ကျောင်းသားလူငယ်များ စိတ်ပါဝင်စားစွာ တက်ရောက်လျက် ရှိကြောင်း သိရသည်။



**စိုင်းအယ်ဘဲ**

### အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

( ၁ ) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

( ၂ ) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

( ၃ ) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

( ၄ ) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

( ၅ ) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

( ၆ ) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

( ၇ ) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

( ၈ ) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

( ၉ ) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(မတ်လ၊ ၂၀၂၅)**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၆ နှင့် ဆက်နွှယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၂

ဒေါ်မြမြဝင်း နှင့် ဦးလှထွန်း
**တရားနိုင်** **တရားရှုံး**

အမှတ်(၂၇/၄)၊ မြို့ပတ်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ အေးသာယာမြို့၊ တောင်ကြီးမြို့နယ်နေသူ တရားရှုံး ဦးလှထွန်း(ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်မြမြဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုစေရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရ ရှေ့နေ ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၈၆ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီ တွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ မတ်လ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းအေးမြသီရိ)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၈၊ ဦးပိုင်အမှတ် (၇၉)၊ ၅၉x၆၀လမ်းကြား၊ မြတ်လေး x ပိတောက်လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးမြိုင် ၉/မရမ(နိုင်)၀၁၇၅၉၃ ၏ (SP ရရှိသူ ဒေါ်မေဇင်နီ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၇၁၂၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/7636 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အပေါင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ် (၄)၊ ဦးပိုင်အမှတ် ၁၅-က(ခဲစင်း)၊ ၈x၁၁ကြား၊ ၈၈xကမ်းနားလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဆယ်ပိုထံ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် (၃၃၃/၂၀၂၅)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်မေခေတ် ၉/အမရ(နိုင်)၀၈၇၆၉၈၈ အမှုတွဲအမှတ် (၇၁၃၇/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါ သည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မော်လမြိုင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃

ဒေါ်ကလျာစိုး နှင့် ဦးထိုက်တင်ရွှေဦး
**(တရားလို)** **(တရားပြိုင်)**

အမှတ်(၁၅)၊ မြသရဖီ(၃)လမ်း၊ အောင်သုခရပ်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်နေ တရားပြိုင် ဦးထိုက်တင်ရွှေဦး (ယခုနေရပ်လိပ်စာမသိသူ ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။ (ဝေယံကျော်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မော်လမြိုင်မြို့နယ်တရားရုံး

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | လောင်မင်တိတ်(ခ) ဦးအောင်ရွှေ | ချောင်းသာ | အမှတ်(၃) | ၁၉၉၀-ပြင် | ၈၂-၁၈ | ၂.၂၅၀ | အမည်ပြောင်း |
| ၂ | ဒေါ်သန်းညွှန့် | ပုသိမ် | အမှတ်(၃) | ၃၂/ကိုးသိန်းမြောက် | ၁၆ | ၀.၀၄၈ | သက်တမ်းတိုး |
| ၃ | ဒေါ်အေးအေးမူ | ပုသိမ် | အမှတ်(၁၃) | ၅၂/စီးပွားဇုန် | ၅၂/ဘီ-၁၁၉ | ၀.၁၁၀ | အသစ် |
| ၄ | ဒေါ်ခင်သူသူ(ခ) ဒေါ်သန်းသန်းနုပါ(၂) | ပုသိမ် | အမှတ်(၅) | ၆၇/ထောင်ကုန်း | ၆၁-စ | ၀.၁၆၄ | ခွဲ/အမည်ပြောင်း |
| ၅ | ဒေါ်ခိုင်ခိုင်ဝင်း | ပုသိမ် | အမှတ်(၂) | ၃၁/ကံသုံးဆင့်အနောက် | ၉၈/၁၂၁ | ၀.၁၁၀ | အမည်ပြောင်း/တိုး |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃E1)၊ မြေကွက်အမှတ် (ပဥ္စမတန်းစား ၁၉၄)၊ မြေကွက်တည်နေရာအမှတ်(၅)၊ စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ဦးစိန်လှ ၁၂/အလန(နိုင်)၀၂၆၇၉၀ အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက်(ဖခင်)ဦးစိန်လှသည် ၂၅-၄-၂၀၀၆ ရက်တွင်လည်းကောင်း၊ ၎င်း၏(ဇနီး)ဒေါ်သန်းညွှန့်သည် ၁၇-၂-၁၉၇၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ပြီး ၎င်းတို့တွင် သား/သမီး(၄)မွေးဖွားခဲ့ကြောင်း၊ သား/သမီး(၄)ဦးအနက် ဒေါ်သိန်းသိန်းဦးသည် ၁၅-၃-၂၀၂၃ ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့၏ အစုအတွက် ဒေါ်တင်တင်ဝေ ၁၂/အလန(နိုင်)၀၂၆၇၉၅၊ ဒေါ်စန်းစန်းနွဲ့ ၁၂/အလန(နိုင်)၀၂၆၇၉၁၊ ဦးမျိုးညွန့်ထွန်း ၁၂/အလန(နိုင်)၀၃၈၂၂၈ တို့မှ ၎င်းတို့သား/သမီး(၃)ဦးသာ အမွေဆက်ခံခွင့်ရှိကြောင်း၊ အခြားအမွေ ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း အလုံခရိုင်တရားရုံး၏ ၁၈-၁၂-၂၀၂၄ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်-၂၆၇၀/၂၀၂၄၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)မြေငှားဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၁၉၉၇ ခုနှစ်တွင် ဦးစိန်လှမှ မြေပုံကူးလျှောက်ထားခြင်းနှင့် ပတ်သက်၍ အိမ်ဆောက်မြေပုံကူးလျှောက်ထားခြင်းဖြစ်ကြောင်း မြေပုံပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၂/၁၂၇/၃-၂-၂၀၂၅ ကိုတင်ပြ၍ ဒေါ်တင်တင်ဝေ+၂ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

တမူးမြို့၊ ဈေးတန်း(၅)ရပ်ကွက်နေ ဦးချစ်လှိုင်၏သား ဦးဇော်ဌေး ၅/မရန(နိုင်)၀၂၅၆၅၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (MD- 264915) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၇၁၉၄၉၄၄**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင် ခရိုင်၊ မဒေါက်မြို့နေ အထက မဒေါက်ကျောင်း Grade-9 (B) မှ မဆုပြည့်၏ ဖခင်အမည်မှန်မှာ ဦးစမ်းဝင်း ၇/ညလပ(နိုင်)၀၇၁၄၃၄ ဖြစ်ပါကြောင်း။

**ဦးစမ်းဝင်း**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြို့မ (၆)လမ်း၊ အမှတ်(၄၃၂)နေ ဒေါ်အိမ့်ဂျူလိုင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အသိပေးကြေညာလိုက်ပါသည်။ ဦးညီညီဇော်နှင့် ဒေါ်အိမ့်ဂျူလိုင်မိုးတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး ၁၇-၇-၂၀၂၀ ရက်က ထိမ်းမြားလက်ထပ်ခဲ့ကြပါသည်။ ထိုသို့လင်မယားနှစ်ဦးအတူ ပေါင်းသင်း နေထိုင်စဉ်အတွင်း HONDA CIVIC FD3 အမျိုးအစား၊ ယာဉ်အမှတ် (6D/7978)၊ ခဲရောင်ယာဉ်တစ်စီး လက်ထပ်ပွားပစ္စည်းအဖြစ် ဝယ်ယူဖြစ်ထွန်းခဲ့ပါသည်။ ၅-၃-၂၀၂၅ ရက်က ဦးညီညီဇော်နှင့် ဒေါ်အိမ့်ဂျူလိုင်မိုးတို့သည် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကွာရှင်းပြတ်စဲခဲ့ကြပါသည်။ လင်မယားနှစ်ဦးအတူပေါင်းသင်းနေထိုင်သည့်အချိန်မှ ယနေ့အချိန်ထိ အဆိုပါမော်တော်ယာဉ်အား ဦးညီညီဇော်နှင့် ဒေါ်အိမ့်ဂျူလိုင်မိုးတို့သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းတို့ ပြုလုပ်ခဲ့ခြင်းမရှိပါ။ သို့ဖြစ်၍ လက်ထပ်ပွားပစ္စည်းဖြစ်သည့် အထက်ဖော်ပြပါ မော်တော်ယာဉ်အား ဒေါ်အိမ့်ဂျူလိုင်မိုး၏ သဘောတူခွင့်ပြုချက် မရဘဲ ဦးညီညီဇော်က မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းများမပြုလုပ်ရန် ကန့်ကွက်ကြေညာလိုက်ပါသည်။

**ဒေါ်အိမ့်ဂျူလိုင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထူးကျော်**
**အထက်တန်းရှေ့နေ (စဉ်-၅၆၄၄၇)**
**ဖုန်း-၀၉ - ၂၅၄၃၂၁၀၆၁**

## Passport ပျောက်ဆုံးကြောင်း

ဒိုက်ဦးမြို့နယ်၊ အိမ်ခြေလေးဆယ်ကျေးရွာနေ(ဘ)ဦးခင်အောင်၏ သမီး မပြည့်စုံခင် ၇/ဒဥန(နိုင်) ၁၈၇၂၄၉၏ နိုင်ငံကူးလက်မှတ်အမှတ် ME 356461 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း ၀၉-၇၉၇၇၀၇၄၅၄ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/3641 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ အလယ်ပိုင်း ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အကွက်အမှတ်- 3/A အကွက်အမည်- ဈေးကွက်ရပ်၊ ဦးပိုင်အမှတ်- ၆၄/က၊ ဧရိယာ ၀ ဒသမ ၂၇၂ ဧကရှိ ဂရန်မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးသိန်းလွင် အမည်ပေါက် ဂရန်မြေမှ ၎င်း၏ဇနီး နော်ဟယ်လင် ၇/အဖန(နိုင်) ၀၆၅၁၁၄၊ ၎င်း၏ ညီအရင်းဖြစ်သူ ဦးဝင်းမောင် ၇/သဝတ(ဧည့်)၀၀၀၀၅၄ နှင့် ဦးရှုခင်(ခ)ဦးပြုံးချို ၇/သဝတ(ဧည့်)၀၀၀၀၅၅ တို့၏ အမည်သို့ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ရာ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ထိုသို့ လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုလျှင် စာရွက်စာတမ်း အထောက်အထား (မူရင်း)ခိုင်လုံစွာဖြင့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာရုံးဌာန အသီးသီးတွင် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နော်ဟယ်လင်၊ ဦးဝင်းမောင်၊ ဦးရှုခင်(ခ)ပြုံးချို တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချမ်းငြိမ်းကိုကိုထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၇၁၇)**
**အမှတ်(၇)၊ ဗိုလ်မြဒင်လမ်း၊ သာယာဝတီမြို့**
**ပဲခူးတိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၂၃၆၇၅၁၇၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
## ဘီးလင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

ဦးညွှန့်လှိုင်ဦး နှင့် ဒေါ်သင်းစန္ဒာ
**တရားလို** **တရားပြိုင်**

ပခုက္ကူမြို့၊ အောင်သပြေရပ်ကွက်၊ ရွှေချောင်းအမှတ်(၂)တံတားအောက်၊ သီတာလမ်း၊ (၁၄)လမ်းနေ ဒေါ်သင်းစန္ဒာ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးညွှန့်လှိုင်ဦးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ (နှင်းနှင်းဝေ)
ဒုတိယမြို့နယ်တရားသူကြီး
ဘီးလင်းမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြဝတီခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

ဦးအောင်သူလင်း နှင့် ဒေါ်ချိုချိုစန်း
**(တရားလို)** **(တရားပြိုင်)**

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ မိဋ္ဌာန်အောင်ဘုရားလမ်းနေ ဒေါ်ချိုချိုစန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးအောင်သူလင်းက မြေကွက်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်း ရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမြင့်ဦး)
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

## ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နယ်၊ အင်တိုင်း (တ) ရွာနေ ဦးကျော်လွင်၏ သား မောင်ဌေးမင်းလတ် ၅/ဘတလ(နိုင်)၀၉၇၄၀၈ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(MH-006041)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၅၉၄၃၂၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ လယ်တီရပ်ကွက်နေ ဒေါ်မော်မော်ဦး၏သမီး မဝင့်ဝင့်ထွန်း ၁၀/မလမ(နိုင်)၂၃၂၅၃၉ သည် မိသားစုအား စိတ်ဒုက္ခအမျိုးမျိုးပေးပြီး မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပြီဖြစ်သောကြောင့် အမွေစားအမွေခံ သမီးအရင်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောင်တွင် ၎င်းနှင့် သက်ဆိုင်သောကိစ္စအဝဝတို့ကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် - ဒေါ်မော်မော်ဦး**
**၁၀/ပမန(နိုင်)၀၁၅၈၃၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/7545 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၇၀၇၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၁၀/မလမ(နိုင်)၂၅၁၄၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၉၉၁၆၄ ယာဉ်လက်ဝယ်ရှိသူဦးလင်းလင်းထွန်း ၇/ဝမန(နိုင်)၁၄၂၆၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဦးအောင်ဆန်းလင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်အမှုသည် ဒေါ်ဝင်းသီရိထွန်း ၁၃/ညရန(နိုင်)၁၁၈၀၅၇ နှင့် ဦးအောင်ဆန်းလင်း ၁၃/တကန(နိုင်)၃၀၀၄၆၇ တို့သည် ၂၀၂၀ ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ကြပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦးတို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် ၂၀-၂-၂၀၂၅ ရက်နေ့တွင် ညောင်ရွှေမြို့နယ်တရားရုံးတော်မှ လင်မယားအဖြစ် ကွာရှင်းပြတ်စဲခွင့်အား ရရှိပြီးဖြစ်သောကြောင့် ဦးအောင်ဆန်းလင်းနှင့် ဒေါ်ဝင်းသီရိထွန်းတို့မှာ စီးပွားရေး/လူမှုရေး/ငွေရေးကြေးရေး ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့တွင် မည်သို့မျှ သက်ဆိုင်ခြင်း၊ ဆက်နွှယ်ခြင်း မရှိတော့ပါကြောင်းနှင့် ဦးအောင်ဆန်းလင်း အနေဖြင့် ဒေါ်ဝင်းသီရိထွန်းအား လာရောက် နှောင့်ယှက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်ဆန်းလင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းသီရိထွန်း ၏ လွှဲအပ်ချက်အရ -**
**ဒေါ်ပန်းအဥ္ဇလီကျော်**
**အထက်တန်းရှေ့နေ (စဉ်-၅၄၃၀၈)**
**အမှတ် (၃၃)၊ ကံသာရပ်(၁)အကွက်၊ ညောင်ရွှေမြို့**
**ဖုန်း-၀၉-၇၇၆၇၅၄၄၂၀၊ ၀၉-၂၅၉၁၂၁၁၇၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အတွက် ပြင်ဦးလွင်မြို့၊ ခုတင်(၃၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော အောက်ဖော်ပြပါဆေးပစ္စည်းများအားဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ဆေးရုံသုံးပစ္စည်းများ(Basic Comsumables)

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - ၁၈-၃-၂၀၂၅ရက်(အင်္ဂါနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၃-၂၀၂၅ရက်(တနင်္လာနေ့) နံနက်၁၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြင်ဦးလွင်မြို့၊ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆေးရုံကြီး၊ပြင်ဦးလွင်မြို့**

**ဆက်သွယ်ရန်-ဖုန်း-၀၉-၄၂၀၇၀၅၂၅၆၊ ၀၉-၂၅၆၂၃၀၆၇၈**

## နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မွန်းတည့်ခွင်ကျေးရွာနေ ဒေါ်ဝင့်ဝါအောင် ၈/သရန(နိုင်)၀ရ၁၃၅၁ သိစေရန်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော(၃)လမ်း၊ အမှတ်-၁၁၈ နေ ဒေါ်ဖြူဖြူဝင်း ၇/မလန(နိုင်)၀၇၁၁၂၇ ၏ လွှဲအပ်ညွှန်ကြားမှုအရ အောက်ပါအတိုင်း အကြောင်းကြားအပ်ပါသည်။

လူကြီးမင်းဒေါ်ဝင့်ဝါအောင်သည်ငွေကြေးကိစ္စများအရေးတကြီးလိုအပ်လျက်ရှိခြင်းကြောင့် ကျွန်ုပ်မိတ်ဆွေထံ လာရောက်အကူအညီတောင်းခံရာ ကျွန်ုပ်မိတ်ဆွေကလည်း ယခင်ကတည်းက သိကျွမ်းရင်းနှီးသူများဖြစ်၍ ၂၃- ၁၀-၂၀၂၄ ရက်တွင် ငွေကျပ် ၄၀၀၀၀၀၀၀ိ/- (ကျပ်သိန်းလေးရာတိတိ)ကို ပေးအပ် ကူညီခဲ့ကြောင်း၊ ၎င်းငွေများနှင့်ပတ်သက်၍ ၃၁-၁၂-၂၀၂၄ ရက်တွင် လူကြီးမင်းက ကျွန်ုပ်မိတ်ဆွေထံ လာရောက်တွေ့ဆုံ၍ ယင်းငွေများကို (၂၃-၁-၂၀၂၅) ရက်တွင် တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်ပါမည်ဟု ဝန်ခံကတိပြုပြောဆိုကာ နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်အား ပြုလုပ်ချုပ်ဆိုပေးခဲ့သော်လည်း ယနေ့အထိပြန်လည်ပေးအပ်ခြင်းမရှိဘဲ လူကြီးမင်းသည် အကြောင်းအမျိုးမျိုးပြ၍ ရှောင်လွှဲနေကြောင်းသိရှိရပါသည်။

သို့ပါ၍ကျွန်ုပ်မိတ်ဆွေမှလူကြီးမင်းအား လူမှုရေးအရကူညီပေး အပ်ခဲ့သော ငွေကျပ် ၄၀၀၀၀၀၀၀ိ/- (ကျပ်သိန်း လေးရာတိတိ)ကို ဤကြော်ငြာ ပါရှိသည့် ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့မပျက်မကွက် လာရောက်ပေးအပ်ပါရန် အကြောင်းကြားသိစေလိုက်ပါသည်။ ပျက်ကွက်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏နစ်နာဆုံးရှုံးမှု အရပ်ရပ်အတွက် ဥပဒေနှင့်အညီတရားစွဲဆိုဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်းကို ကြိုတင်အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**

**ဦးသိန်းဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၀)**

**တိုက်(၂၈)၊ အခန်း(၃၀၆)၊ အောင်ဇေယျအိမ်ရာ၊ (၂၆)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၄၂၂၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၃/က)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ် (၁၇/ဓ)၊ ဧရိယာ (၀.၀၀၇)ကေရှိ ဦးသိန်းထွန်း၊ ဒေါ်သန်းသန်းနု တို့၏ အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ်(၇၂/ခ)နေ ဦးမြတ်ကိုကို၊ ဒေါ်ခင်မြတ်လွင်တို့မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၃/က)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ် (၁၇/ဆ)၊ ဧရိယာ (၀.၀၁၅)ကေရှိ ဒေါ်သန်းသန်းနု အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ်(၇၂/ခ)နေ ဦးမြတ်ကိုကို၊ ဒေါ်ခင်မြတ်လွင်တို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၃၃)၊ မြေညီထပ်နေ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးတင့်နိုင် ၁၂/သကတ(နိုင်) ၁၀၆၁၉၇နှင့် ဒေါ်လေးလေးနွယ် ၁/တနန(နိုင်) ၀၀၁၃၀၅ တို့၏သားကြီးဖြစ်သူ မောင်ရဲပိုင်ဦး ၁၂/သဃက(နိုင်) ၁၈၉၀၄၁သည် မိဘများ၏ ပြောဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ ၎င်းစိတ်ထင်ရာ အကြိမ်ကြိမ်လုပ်ကိုင်ပြောဆိုနေသည့်အပြင် (၄-၁၀-၂၀၂၀)ရက်ကတည်းက နေအိမ်မှဆင်းသွားခဲ့ပြီး ယနေ့အထိ မိဘနှစ်ပါးဖြစ်သော ကျွန်ုပ်မိတ်ဆွေများထံ ဆက်သွယ်မှုတစ်စုံတစ်ရာ ပြုလုပ်လာခဲ့ခြင်းမရှိဘဲ ပတ်ဝန်းကျင်၌ အရှက်ဂုဏ်သိက္ခာထိခိုက်ခံစားရလျက်ရှိပြီး မိဘများစိတ်ဆင်းရဲစေသောကိစ္စများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသောကြောင့် ယနေ့မှစ၍ သားကြီးဖြစ်သူ မောင်ရဲပိုင်ဦးအား သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာမျှနှင့် ငွေကြေးကိစ္စအရှုပ်အရှင်းများအား ကျွန်ုပ်မိတ်ဆွေများမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုအောင်(LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၄၉၈/၂၀၁၇)** | **(စဉ်-၅၃၁၃၁/၂၀၂၀)** |

**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန် တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၁၃၈၂၄၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## တောင်ငူခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉

| | | |
|---|---|---|
| ဦးတင်မြင့် | **နှင့်** | ဦးရဲမြင့် ပါ - ၁၇ |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ထန်းကုန်းရပ်ကွက်နေ မဆိုဖီ(ဘ)ဦးရဲမြင့်နှင့် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့၊ ကျုံပါ(က)ရပ်ကွက်နေ မစဂျီဒါဘီ(ဘ) ဦးတင်ဦး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ မတ်လ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဝင်းအောင်)**

**ဒုတိယခရိုင်တရားသူကြီး (၃)**

**တောင်ငူခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မလိခ(၇)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅/မြို့မအရှေ့ရပ်)၊ မြေကွက်အမှတ်(၂၁၃၇၄)၊ အကျယ်အဝန်း (၈၀x၆၀)ပေ၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိ အိမ်ဝိုင်းခြံမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးချစ်လွန်းမောင် ၁၀/ဘလန(နိုင်) ၀၅၇၅၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိပြည့်စုံအောင် ၈/တတက(နိုင်) ၁၈၃၃၁၁ က အပိုင်ဝယ်ယူရန် ရောင်းကြေးငွေအချို့အား စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ် စာတမ်းအထောက်အထားမူရင်းများအားပြသ၍ ဤသတင်းစာ ကြော်ငြာပါသည့် ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင့်တင့်ကြည်(B.A,H.G.P) အထက်တန်းရှေ့နေ(စဉ်-၆၃၈၅/၂၆-၆-၁၉၈၂)**

**လမ်းမတော်၊ တပ်ကုန်းမြို့၊ ဖုန်း-၀၉-၄၂၀၇၂၀၅၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၃၀)၊ မြေဧရိယာ(၀ဒသမ၀၄၆)ကေရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်၊ အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးထောက်ရိုကျုံး ၁၃/ကခန(နိုင်) ၁၀၈၉၉၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၃၄-ခ)၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်၊ဦးပိုင်ခွဲ၊ အမည်ပြောင်း ၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ဖွေးမြင့်(ခ)ဖန်ချင်း ၁၃/လရန(နိုင်)၂၂၇၄၆၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ရွှေပေါက်ကံ့၊ မြေကွက်အမှတ် ၁၁၄၊ ၂၄၀၀ စ/ပေ မြေကွက်တည်နေရာအမှတ် (၁၁၄)၊ လက်ဝဲသုန္ဒရလမ်း၊ ၁၆/ရွှေပေါက်ကံ့၊ ဦးဝင်းရွှေ (ISN-၄၁၄၃၆၈) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဝင်းရွှေ(ဖခင်)သည် ၄-၈-၂၀၁၉ရက်တွင်လည်းကောင်း၊ ဒေါ်သိန်းမြင့် (မိခင်)သည် ၆-၁၂-၂၀၂၁ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်စန်းစန်းဝင်း (၁၂/မရက(နိုင်)၀၁၀၅၂၄)မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် (၁/၇၅၉/၂၀၂၅၊ ၁၃-၁-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## MD Bank (PCL) CEO ရာထူးအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

MD Bank (PCL) တွင် တာဝန်ထမ်းဆောင်ရန် လစ်လပ်လျက်ရှိသော CEO ရာထူးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်ပြီး စိတ်ဝင်စားသည့် Professional Bankers များ (၇-၄-၂၀၂၅)ရက်နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုပါက talentacquisition@mdbankpublic.com, bodoffice@mdbankpublic.com Viber-09740001128 သို့ CV များ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**MD Bank (PCL)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

